
mgvoe.com

SAMPLE BOOK

ပန်းဆွဲပြည်တံဆိပ်တိုက်



ဇာဘုရင့်နန်းတော်ထဲက ရင်ငွေ့လုံ ဆရာကြီး

# ရပ်စပြူတင်


ညီညီနိုင်
စုစည်းပြန်ဆိုသည်။


ဒုတိယအကြိမ်


mgvoe.com


# ပန်းရွှေပြည်စာအုပ်တိုက်တွင် ရရှိသောစာအုပ်များ


mgyoe.com
SAMPLE BOOK




















mgyoe.com SAMPLE BOOK

တန်ဖိုး
[illegible] ကျပ်

အုပ်ရေ
၅၀၀ အုပ်

ဒုတိယအကြိမ်
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်၊
အမှတ် ၃၄၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စု-ပုံနှိပ်တိုက်၊
အမှတ် ၁၄-အေ၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာရင့်နှမ်းတော်ထဲက

## ရင်ငွေ့လှုံဆရာကြီး
## ရပ်စိပြုတင်

ညီညီနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်း | ... | ၇ |
| ၁။ | ထူးဆန်းသော လူရိုင်းကြီး | ... | ၁၁ |
| ၂။ | ငယ်စဉ်ဘဝ သေရွာပြန်အတွေ့အကြုံ | ... | ၁၆ |
| ၃။ | မိစ္ဆာဘုံသို့ ခြေတစ်လှမ်း | ... | ၂၃ |
| ၄။ | ဂန္ဓာရီအကျဉ်းသား | ... | ၃၁ |
| ၅။ | အန္တရာယ်တမန်တော် | ... | ၄၀ |
| ၆။ | ဇာကိုစယ်လို နန်းတော်က သမိုင်းဝင်ဖြစ်စဉ်များ | ... | ၄၇ |
| ၇။ | ရပ်စ်ပြုတင်ရောက်လာပြီ | ... | ၅၇ |
| ၈။ | မန်းကနုတ် ဆူးရိုင်းပင် | ... | ၆၉ |
| ၉။ | မုဆိုးလား သားကောင်လား | ... | ၇၈ |
| ၁၀။ | လိုတရ တန်ခိုးရှင် | ... | ၉၁ |
| ၁၁။ | အော့ခရာနာမှတ်တမ်း | ... | ၁၀၃ |
| ၁၂။ | ကြောက်စရာ သားရဲတွင်း | ... | ၁၁၆ |
| ၁၃။ | ဘီလူးတွေ ပျားတုပ်ခံရခြင်း | ... | ၁၂၄ |
| ၁၄။ | ဘယ်သူနိုင်မလဲ သည်စစ်ပွဲ | ... | ၁၃၆ |
| ၁၅။ | မအောင်မြင်သော လုပ်ကြံမှုများ | ... | ၁၅၀ |


mgyoe.com

mgyoe.com SAMPLE BOOK


၁၆။ ဂစ်တာကြိုးနှင့်ဆင်တဲ့ ကျော့ကွင်း ... ၁၅၈
၁၇။ ကျားပါးစပ်ထဲက မရဏာဧည့်သည် ... ၁၇၁
၁၈။ ပဥ္စမ၏ ပဥ္စမံ ... ၁၇၉
၁၉။ ငါးစာကို မြင် မျှားချိတ် မမြင် ... ၁၈၈
၂၀။ စေတန်နတ်ဆိုး ဓာတ်သိမ်းခန်း ... ၁၉၉
၂၁။ အသက်ဝင်လာသော အလောင်းကောင်ကြီး ... ၂၁၀
၂၂။ ဒီဇင်ဘာ ၁၇ ရက် နံနက် ... ၂၂၁
၂၃။ ပြေးကြည့်လိုက်စမ်း လွတ်မလား ... ၂၃၁
၂၄။ အားပြိုင်ပွဲ ... ၂၄၂
၂၅။ ဝင်္ကြေးကြမ္မာ မလွတ်သာ ... ၂၄၉
၂၆။ နိဂုံး သို့မဟုတ် သုံးသပ်ချက် ... ၂၅၄


mgyoe.com

mgyoe.com SAMPLE BOOK

မှီငြမ်းကိုးကားပြုစာအုပ်များ

1. RASPUTIN, THE HOLY DEVIL
Rene Fulop Miller.

2. Rasputin, The Mad Monk of Russia
Reader's Digest

3. နန်းတွင်းပျောက်စေဆရာကြီး ရပ်စ်ပြူတင်
သတင်းစာဆရာကြီး ဦးထွန်းဖေ

mgyoe.com

mgyoe.com SAMPLE BOOK 

## နိဒါန်း

ရပ်စ်ပြူတင်အကြောင်းကို စာအုပ်ပေါင်း ၁၀၀ ကျော် ရေးသား ထုတ်ဝေခဲ့ကြသည်ကို ထောက်လျှင်၊ ထိုပုဂ္ဂိုလ်သည် နှယ်နှယ်ရရ မဟုတ်ကြောင်း ထင်ရှားသည်။

သူ့ဇာတ်လမ်းကို ၁၉၅၅ ခုနှစ်ခန့်က တခမ်းတနား ရုပ်ရှင်ရိုက်ခဲ့ရာ၊ အိတ်ဆယ်စီယာရုံ (ယခု ဝဇီရာရုံ) တွင် ပြသခဲ့ဖူး၏။

တကယ်တော့လည်း ရပ်စ်ပြူတင်၏အဖြစ်အပျက်မှာ အနှစ် ၉၀ ကျော်မျှသာ ကြာသေး၍ 'ပူပူနွေးနွေးလေး' ဟု ဆိုနိုင်သည်။

ဆန်းကြယ်လျှို့ဝှက်မှုပါဝင်သော ဖြစ်ရပ်မှန်ဇာတ်လမ်းတွင် ရုရှားနိုင်ငံက နောက်ဆုံးဘုရင်၏ တော်ဝင်မိသားစုနှင့် ယှက်နွှယ်နေသဖြင့်လည်း အကျော်တကြား (Natorious) ဖြင့် စိတ်ဝင်စားခဲ့ကြရခြင်းလည်း ဖြစ်၏။

'ရပ်စ်ပြူတင်' ဆိုသည်ကား -

သူ့ကိုယ်သူ 'ဘုရားသခင်တမန်တော်' အမည်ခံလျက် သေသောက်ကျူးကျူး ကာမဂုဏ်ယစ်မူးခဲ့သူ သီလကြောင် ဒုစရိုက်သမား။



mgyoe.com

mgyoe.com SAMPLE BOOK

တရားဝင်ရာထူး မဟုတ်လင့်ကစား၊ နိုင်ငံဦးသျှောင်ဧကရာဇ်ဘုရင်၏ နောက်ကွယ်က ကြိုးကိုင်ဆရာကြီး။

'ဘုရင့်ထက် ဓားထက်သည်' ဟု ဆိုရလောက်အောင် တန်ခိုးအာဏာပြင်းခဲ့သည်နှင့်အမျှ စိတ်ညို့ပညာကို တတ်ကျွမ်းသော မကောင်းဆိုးဝါးမှော်ဝိဇ္ဇာ။ တစ်နည်းရင်ငွေ့လှုံ့ဂိုဏ်းခေါင်းဆောင် မိစ္ဆာဒိဋ္ဌိအရည်းကြီး။ တချို့အဆိုအရကလိမ်ချုံ ၂ ဖက်ချွန် သူလျှိုကြီး။

သူသည် မိဖုရားကြီးကို အယုံသွင်းစည်းရုံးပြီး မယားကြောက်ဇာဘုရင်၏ ခေါင်းပေါ်တက်ကာ တစ်နန်းတော်လုံးသာမက တစ်ပြည်လုံး၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးပါမကျန် ဝင်ရောက်ခြယ်လှယ်ဩဇာပေးခဲ့ရာက ပတ်သက်မိသူအားလုံး ကမောက်ကမ ချောက်ကျ၍ အဖြစ်ဆိုးကုန်ရသည်။

ဤနေရာတွင် ဝါဝါမြင်တိုင်း ရွှေထင်၊ တိုက်ဆိုင်မှုနှင့် အထူးအဆန်း ဖန်တီးမျက်လှည့်ပြနိုင်လျှင် 'တန်ခိုးရှင်၊ သိဒ္ဓိရှင်' ဟု မှတ်ကာ၊ စုန်းယောင်ယောင်နတ်ယောင်ယောင် ယောကိန်းထုတ်ပြပါက ရှိသမျှပုံအော၍ ဘဝပါပေးအပ် ယုံစားတတ်ကြရာမှ ၅ ပါးမှောက်အဖြစ်ဆိုးကိုယ်ကျိုးနည်းကြရသည့်အဖြစ်များက ဤစာအုပ်၏ အဓိကသင်ခန်းစာဖြစ်ပါလိမ့်မည်။

ဘိုးတော်တု ဘိုးတော်ယောင်အသွင် ဇယားချစားပေါက်တွင်သော ပညာသည် ယနေ့ခေတ်မှ မဟုတ်၊ ရှေးပဝေသဏီ နှစ်ပေါင်း ရာထောင်ချီကတည်းက ထွန်းကားခဲ့သည်။

လူတွေကလည်း အဆန်းသား။

ခေတ်အဆက်ဆက် ဖြောင့်မတ်ရိုးသားသူကို အထင်မကြီး၊ လူမသမာတွေက ဟိတ်တစ်လုံးဟန်တစ်လုံးထုတ်၍ ယုတ်မာကောက်ကျစ်စွာ လိမ်ညာတာမှ 'အဟုတ်' မှတ်ကြ၏။


mgyoe.com

mgyoe.com SAMPLE BOOK

'တန်ခိုးရှင်'ဆိုသူတွေနောက် တကောက်ကောက်လိုက်၍ မျက်စိအောက်တွင် မရှုနိုင်မကယ်နိုင် ရင်ကွဲပက်လက် အထိနာရပုံတွေ မျက်မြင်ကြုံတွေ့နေရသော်လည်း မာယာသမားတို့၏ မုသားထောင်ချောက်ထဲ အလုအယက် ခေါင်းတိုးဝင်နေကြဆဲ။

ထိုထိုလူစားတွေကို ဤစာအုပ်ဖြင့် အချက်ပြသတိပေးသည်ဟုလည်း ဆိုနိုင်၏။

ရပ်စ်ပြူတင်၏ ဆိုးညစ်ယုတ်ကန်းမှုက စာဖွဲ့မကုန်ပါ။

ရွှေကိုမြှု၊ ငွေကိုချူ၊ လူကိုယူ နန်းတော်ကြီးပါ ခါးပိုက်ထဲထည့်၊ တစ်နိုင်ငံလုံး ခြေမနှင့်ညှပ်ပြီး ကစားဖို့အထိ အကြံကြီးခဲ့သည်။

ထို့ကြောင့်ပင် သက်ဦးဆံပိုင်ဘုရင်စနစ် ပျက်သုဥ်း၍ ရုရှားတော်လှန်ရေး ပေါ်ထွန်းရသည်မှာ သူ့ပယောဂ မကင်းပါဟု ယိုးစွပ်ခံရသည်။

သူ့စနစ်မိ၍ ဘဝနာ ထိခိုက်နစ်မွန်းသူတွေ၏ ငြိုးဖွဲ့မုန်းတီးခြင်းလည်း ခံရသည်။

နောက်ဆုံးရပ်စ်ပြူတင်သည် ဘိုးတော်ပီသစွာ အသက်ရာကျော်ထောင်ကျော်မရှည်ဘဲ သူ့အကုသိုလ်၏ တန်ပြန်ဒဏ်ခတ်မှုကို ခံရသလို အသေဆိုးနှင့် ဇီဝိန်ကြွေခဲ့ရသည်။

မပေါင်းထိုက်သူကို ပေါင်းခြင်း၊ မပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ဆရာ မတင်ထိုက်သူကို ဆရာတင်ခြင်း စသော မဟာအမှားကြီးများ မှားခဲ့သော မိဖုရားနှင့် ဇာဘုရင်တော်ဝင်မိသားစု ခမျာလည်း ငြိုဟ်ဝင်ကပ်သင့်ပြီး ဒုက္ခသောက ပင်လယ်ဝေ၍ အိမ်နိမ့်စံအကျဉ်းခံဘဝဖြင့် မထင်မရှား ရေတိမ်နစ်ကြရသည်မှာ သံဝေဂယူလောက်ပါ၏။

စာရေးသူသည် ယခုစာအုပ်ကို

၁။ ၁၉၆၇ ခုနှစ် FONTANA စာအုပ်တိုက်ထုတ် Ren'e Fulop


mgyoe.com

mgyoe.com SAMPLE BOOK
Miller ၏ The Holy Devil ကို အခြေပြုကာ

၂။ Reder's Digest မှ Heinz Liepman ၏ The Mad Monk of Russia အနှစ်ချုပ် ဆောင်းပါးတွေနှင့်

၃။ ရပ်စ်ပြူတင်ကိုသတ်သူ Felix Yusupor မင်းသားကိုယ်တိုင်ရေး How I Killed Raputin (အာ့စ်ဝဲလ်ရေးနား၏ အင်္ဂလိပ်စာအုပ်) ကို ဆရာကြီးဦးထွန်းဖေ (ထွန်းနေ့စဉ်) ဘာသာပြန်ဆိုသော 'နန်းတွင်း ပျောက်စေဆရာကြီး ရပ်စ်ပြူတင်'

စာအုပ် ၂ အုပ် ပေါင်းစပ်ပြီး မှီငြမ်းပြုရေးထားခြင်း ဖြစ်ပါသည်။

အထက် စာ ၂ အုပ် ၁ နှင့် ၂ သည် ကရင်မလင်ဖိုင်များ၊ ဇာဘုရင်၏ အော့စရာနာလျှို့ဝှက်ပုလိပ်အဖွဲ့၏ မှတ်တမ်းများကို အခိုင်အလုံ ကိုးကားထားကြောင်း သိရပါသည်။

စင်စစ်တော့ ဤစာအုပ်သည် သာမန်ဝတ္ထုဇာတ်လမ်းမျှသာ မဟုတ်။ သမိုင်းနောက်ခံ အတ္ထုပ္ပတ္တိဖြစ်သလို သမိုင်းမှတ်တမ်းတစ်ခုလည်း ဖြစ်ပါသည်။

သို့ဖြစ်၍၊ ရသပုံစံနှင့် ဇာတ်ကွက်ဇာတ်လမ်းများ ပါရှိသကဲ့သို့ သမိုင်းကြောင်းကို ရှင်းတမ်းထုတ်ချက်များကိုလည်း တွေ့ရပါမည်။

မည်သို့ပင်ဖြစ်စေ-

၂၀ ရာစု၏အမှားများကို ၂၁ ရာစု လူသားများအနေဖြင့် သိရှိဆင်ခြင် ရှောင်ကြဉ်နိုင်ရန် ရည်ရွယ်လျက် ကြိုးစားပမ်းစား ရေးသား တင်ပြခဲ့ခြင်းသာ ဟူ၍-

ဘာသာပြန်သူ

●


mgyoe.com

mgyoe.com SAMPLE BOOK



## ၁–ထူးဆန်းသော လူရိုင်းကြီး

ဂျစ်ပစီစခန်းကလေးတစ်ခုဌ် မီးပုံပွဲကျင်းပကာ ပျော်မြူးကခုန်နေကြသည်။

သီချင်းသံတွေ, ဂီတသံတွေ, စည်းချက်လိုက်သော လက်ခုပ်သံတွေ အရှိန်မြင့်ပြီး ပိုမြန်လာသည်နှင့်အမျှ အကတွေကလည်း ပိုကြမ်းလာ၏။ စိတ်လွတ်လက်လွတ် ပိုဖြစ်လာကြ၏။

ဂျစ်ပစီမ လုပျိုဖြူကလေးများကလည်း ခရားနှင့်ထည့်ထားသော ဝိုင်အရက်များကို လူပရိသတ်ကြားထဲတွင် လှည့်လည်ရောင်းချနေသည်။

တဲငယ်လေးများနှင့် ဂျစ်ပစီလှည်းအုပ်စုက နီဗာမြစ်ကမ်းဘေး၌ စီတန်းရပ်ထားပြီး ထိပ်တစ်ဖက်တစ်ချက်တွင်လည်း အလှဆင်ရထားလုံးများ, မြင်းလှည်းများက တစ်ပုံတပင်။

၁၉၀၇ ခုနှစ် ဇူလိုင်လအတွင်း နွေရာသီခရီး လာနေကျဖြစ်သော ဂျစ်ပစီတို့၏ ပွဲတော်ကို စွဲစွဲမက်မက် လက်လွတ်မခံနိုင်သူ စိန့်ပီတာစဘတ်မြို့တော်သူမြို့တော်သား မင်းစိုးရာဇာ ကြေးရေတတ် လူကုံထံအသိုင်း အဝိုင်းက လူငယ်လူရွယ်များပါ စုရုံးဝိုင်းဖွဲ့မိကြပြီပဲ ဆိုပါစို့။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ထိုစဉ်နှုတ်ခမ်းမွေးမုတ်ဆိတ်မွေး ဗရပျစ် ဂုတ်ဝဲဆံပင်ရှည်ကြီးနှင့် ဧရာမလူထွားကြီးတစ်ယောက် လူအုပ်ထဲ တိုးဝှေ့ဝင်လာသည်။

ပြီးတော့သူ့ရှေ့ကဖြတ်သွားသော ဂျစ်ပစီမလေးတစ်ဦးကို ဖမ်းဆွဲလိုက်ရင်း တစ်ဆက်တည်း ခါးကပွေ့ယူလိုက်ကာ ခေါင်းလေးကို လှန်ချပြီး နမ်းလိုက်သည်။ နောက်မိန်းမပျိုလက်ထဲက ဝိုင်ကရားကိုလုယူပြီး အငမ်းမရ မော့သောက်ပစ်လိုက်၏။

ဂျစ်ပစီမလေးက ထိုလူကြမ်းလူရမ်းကြီးအား ပါးစပ်အဟောင်းသားလေး ငေးနေမိဆဲ။

"မင်းကိုနမ်းလိုက်တာ ဝိုင်အရက်ဖိုးပဲ မှတ်လိုက်။ ကဲအရက်တွေ သွားယူလိုက်ဦး။"

လူထွားကြီးက နောက်စကားကို အမိန့်သံနှင့် အော်ပြောလိုက်ကာ ကနေသူများကြားသို့ ဇွတ်ထိုးဝင်သွားပြန်သည်။

ဤတွင် လှပသားနားစွာ ဝတ်ဆင်ထားသော လူကုံထံမလေးတစ်ယောက်က အပေါ်စားလယ်သမားဝတ်စုံကြမ်းကြီးဝတ်၍ ဘောင်းဘီစကို ဘွတ်ဖိနပ်ရှည်ထဲထည့်ထားပြီး ကပိုကရို ပရမ်းပတာနိုင်လှသော လူထွားကြီးကို အော့နှလုံးနာဟန်ဖြင့် ကြည့်လျက်က –

"ဒီလူရိုင်းကြီးက ငါ့ကို မတရားဝင်တိုက်သွားတယ်။ ကျောင်းမှန်ကန်မှန်းသိအောင် ဆုံးမလိုက်စမ်း။"

သူ့အဖော်ဖြစ်သူကို ဒေါသသံပါပါလေး ပြောလိုက်၏။

သူ့ကိုယ်ရံတော်က ခေါင်းခါပြလိုက်ရာက တီးတိုးသံဖြင့် သတိပေးလိုက်သည်။

"သွားမထိလိုက်နှင့်။ မိုးမီးလောင်သွားလိမ့်မယ်။ 'ဆရာကြီးရပ်စ်ပြူတင်'ဆိုတာ သူပဲ။ ဒီပုဂ္ဂိုလ်နှင့် ဘယ်သူမှ ပြဿနာတက်ချင်ကြတာ မဟုတ်ဘူး။"

လူကုံထံမလေးခမျာ 'ရပ်စ်ပြူတင်'ဆိုသည့်နာမည်ကို ကြားလိုက်


mgyoe.com

mgyoe.com
SAMPLE BOOK

သည်နှင့် မျက်နှာမှာ သွေးဆုတ်ဖြူရော်ကာ တစ်ချက်တည်း နှုတ်ပိတ်သွားတော့၏။

သီချင်းတစ်ပုဒ် ဆုံးသွားလေပြီ။

တအောင့်တနား ရပ်ထားစဉ်ကာလ။ ရပ်စ်ပြူတင်ကတော့ အရက်ထပ်ပေးဖို့ ဆူဆူညံညံ အော်ဟစ်တောင်းဆိုလျက် ရှိ၏။

စောစောက ဂျစ်ပစီမလေးပင် အရက်တစ်ကရားနှင့် အပြေးရောက်လာသည်။

ရပ်စ်ပြူတင်က အလုအယက်ယူကာ အငမ်းမရမော့သောက်ပစ်လိုက်သည်မှာ တစ်စက်မျှမကျန်။ ပြီးတော့တီးလုံးအသစ်နှင့် ဝင်ကရန်ပြင်လိုက်၏။

ဂျစ်ပစီမလေးက သူ့ကို ဟန့်တား၍-

"အရက်ဖိုး ပေးလေ-"

ရဲရဲတင်းတင်း ပြုံးပြုံးလေးပြောလိုက်သည်။

ရပ်စ်ပြူတင်က ခပ်ဟက်ဟက်ရယ်လိုက်သည်။ ဂျစ်ပစီမလေး၏ဆံပင်တွေကို တုပ်ဆွဲ၍ နောက်လှန်ချလိုက်သည်။ ယခင်နည်းတူ အားရပါးရ နမ်းလိုက်ပြန်သည်။

ဘေးကလူငယ်ထုက လက်ခုပ်တီးပြီး ဩဘာပေးကြ၏။

ညဉ့်နက်သထက် နက်လာသည်နှင့်အမျှ ရပ်စ်ပြူတင်ကို သူတို့တအံ့တသြ ကြောက်ရွံ့လေးစား 'ဖျား'သွားကြရ၏။

လူကြီးက အရက်ကို အတိုင်းအဆမရှိ သောက်ချင်တိုင်းသောက်နိုင်သောကြောင့် ဖြစ်သည်။ သောက်လိုက်တာများ တစ်ချိုင့်ပြီးတစ်ချိုင့်ဘယ်နှချိုင့်မှန်း မသိတော့။ ဘယ်လောက်ပဲသောက်သောက် မူးပုံလည်းမရ။

ပြီးတော့ဘယ်လိုပဲ ကက မောဟန်မပြ။


mgyoe.com

mgyoe.com SAMPLE BOOK

လူငယ်လူရွယ် အမျိုးသားအမျိုးသမီးတွေနှင့်အပြိုင် သီချင်းဆိုပြီး ဝင်ကရာမှာလည်း သူက အသည်းဆုံးအကဲဆုံး အကြမ်းဆုံးအရမ်းဆုံး။

ကပွဲအရှိန်တက်၍ ကလို့ အကောင်းဆုံးအချိန်မှာပင် မြင်းစေတော်တစ်ဦး ကဆုန်စိုင်းရောက်လာ၏။

"ဆရာကြီး–ဆရာကြီး ရပ်စ်ပြူတင်။ ရွှေနန်းတော်က အခေါ်လွှတ်လိုက်လို့ပါ။"

အော်ပြောလိုက်သည့်ခဏ၊ ရပ်စ်ပြူတင်ကလည်း အသည်းအသန်ကနေရာက

"အေး–ဒါဆို ငါသိပြီ။"

ပြောပြောဆိုဆို အကရပ်လိုက်သည်။

"ကဲ၊ ကဲ–အားလုံးပဲ ဘုရင်မင်းမြတ်နှင့် မိသားစုအတွက် ဘုရားဆုတောင်းကြရအောင်။"

ရပ်စ်ပြူတင်က နှိုးဆော်လိုက်သည်ဆိုလျှင်ပင် ကပွဲတစ်ဝင်းလုံးမီးကို ရေနှင့်ဖျန်းလိုက်သကဲ့သို့ ငြိမ်ကျသွား၏။

ရပ်စ်ပြူတင်က လူအုပ်အလယ် မြေကြီးပေါ်တွင် ဒူးထောက်လက်ယှက်ကာ ကောင်းကင်ထက်သို့မျှော်ပြီး မျက်စိစုံမှိတ်လျက် နှုတ်ကလည်း တတွတ်တွတ်နှင့် တအောင့်ကြာ ဆုတောင်းသည်။

တခြားလူကလည်း သူ့ပုံစံအတိုင်း လိုက်၍ ဆုတောင်းကြသည်။

ထိုမှနောက်ရပ်စ်ပြူတင် မျက်လုံးပြန်ဖွင့်လိုက်ပြီး ဒူးထောက်ရာကထလိုက်သည်။ သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ် တောက်ပ နေသလိုအသံကလည်း ပီသချိုလွင်လျက်–

"ဘာမှမပူနှင့်။ ဘုရားသခင် ရှိတယ်။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကို 'ဘာမှမဖြစ်စေရဘူး'လို့ သွားပြောနှင့်။ ငါ အခု လိုက်လာခဲ့မယ်။"

စကားဆုံးသည်နှင့် မြင်းစေတော်က လှစ်ခနဲလှည့်ပြေးကာ မြင်းပေါ်သို့ ခုန်တက်၍ ဇက်ဖွင့်စီးသွားတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မရှေးမနှောင်း၌ ရုပ်စိပြုတင်လည်း

"အားလုံးပဲ ကျုပ်တော့ ဘုရားသခင်တာဝန်အရ နန်းတော်ကို သွားရဦးမယ်။ ပျော်ပျော်ပါးပါး ဆက်ကနေခဲ့ကြပေတော့။"

ပြောပြောဆိုဆို သူစီးလာသော မြင်းလှည်းရှိရာသို့ ခြေလှမ်းကြဲကြီးများဖြင့် လှမ်းသွားသည်။

မြင်းလှည်းမောင်းသမားကို ဘေးသို့ တွန်းဖယ်ပစ်လိုက်ပြီး၊ သူကိုယ်တိုင် ဇက်ကြိုးနှင့် ကြာပွတ်ကိုင်၍ မြင်းသို့ ဒုန်းစိုင်းမောင်းသွားတော့သည်။

ပရိသတ်အားလုံးမှာ နားလည်ရခက်သော လူထူးလူဆန်း လူရမ်းကားကြီးကို မျက်စိတဆုံး အငေးသား ကျန်ရစ်ခဲ့ကြရလေသတည်း။


mgyoe.com

mgyoe.com SAMPLE BOOK

## ၂-ငယ်စဉ်ဘဝနှင့် သေရွာပြန်အတွေ့အကြုံ

ဆိုက်ဘေးရီးယားပြည်နယ် ပိုကရော့ဗ်စကိုးရွာလေးသည် 'ဂရေဂိုရီ အက်ဖ်မိုးဗစ်ချ် ရပ်စ်ပြူတင်'၏ မွေးရာဇာတိ ဖြစ်သည်။

သူ့အဖေက မြင်းလှည်းမောင်းသမား 'အက်ဖင် အင်ဒရီဗစ်ချ် ရပ်စ်ပြူတင်'

ရပ်စ်ပြူတင် ငယ်ငယ်ကတည်းက မြင်းဇောင်းတွင် ကြီးပြင်းလာရသလို မြင်းဇောင်းကို ချစ်သည်။ မြင်းတွေကိုလည်း ချစ်သည်။

မီးအိမ်အောက်ရှိ အကာတန်းပေါ်တွင် နာရီပေါင်းများစွာထိုင်လျက်၊ လှပထွားကျိုင်းသော ရောမသတ္တဝါကြီးများ၏ ခွာရှုပ်သံ, နှာမှုတ်သံတွေကို နားထောင်နေရသည်ကပင် သူ့အတွက် အရသာရှိလှပါဘိ။

နေ့ခင်းဘက် တစ်ခါတစ်ရံ သူနှင့် မြင်းတွေချည်းကျန်ခဲ့ပါကလည်း မြင်းတွေကို စကားတွေ တတွတ်တွတ်သွားပြောနေတတ်သည်။ သူ့မိသားစုနှင့် အပေါင်းအသင်းတွေကိုမှ မပြဖူးသော ကြင်နာယုယမှုတွေဖြင့် ကျောသပ်ချော့မော့နေလိမ့်မည်။


mgyoe.com

mgyoe.com SAMPLE BOOK

လူလစ်လျှင် လစ်သလို မြင်းကျောပေါ်ခွတက်ပြီး အစီးကျင့်တတ်သေးသည်။

သည့်အပြင်၊ မြင်းအကြောင်း နားလည်ကျွမ်းကျင်သောမြင်းထိန်းကြီးတွေထံက ပညာတွေ စပ်စပ်စုစုနှင့် သင်လိုက်သေးသည်။

သို့ဖြင့်သူ ကြီးပြင်းလာသောအခါ မြင်းနှင့်ပတ်သက်၍ ဆရာကြီးတစ်ဆူ ဖြစ်လာတော့သည်။

မြင်းတွေ ဗွေဖောက်လာလျှင်၊ သို့တည်းမဟုတ်-တစ်စုံတစ်ရာ ထူးထူးခြားခြားလက္ခဏာ ပြလာလျှင် မြင်းကျွမ်းကျေထားသူ ဂရေဂရီထံသို့ ပြေးလာရတဲ့အထိ။

ထို့အပြင်မြင်းစီးကောင်းတစ်ယောက်အဖြစ်လည်း နာမည်ကျော်ခဲ့တဲ့ ရပ်စ်ပြူတင်ပါ။

ငယ်စဉ်က မြင်းတွေနားမှာ မနေရလျှင်တော့ ရွာလမ်းပေါ်မှာ ကလေးတစ်သိုက်နှင့် အကြမ်းအရမ်း အသန်အမာလွန်ရာ၌ သူ့ကို ဘယ်သူမှမယှဉ်နိုင်။ အစဉ်သဖြင့် 'ဗိုလ်' ဖြစ်ခဲ့ရ၏။

သည်ကြားထဲမှပင် သူ့ဖခင်က ပန်းချီရုပ်တွေ အလှသားပါသော ခရစ်တော်မွေးဖွားခန်း စာအုပ်ထူကြီးကို ဖတ်ပြသည်။

ရပ်စ်ပြူတင်အတွက် မြင်းတွေပြီးလျှင် စိန့်ဂျိုးဇက်၊ မေရီ၊ အရှေ့ဘက်က ပညာရှင် ၃-ပါး လာရောက်ဦးတိုက်ခစားရသော နွားစားခွက်ထဲက ကလေးငယ်သည် စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်လာသည်။

သူ့အဖို့ သူ့ဖခင်ဖတ်ပြသော မဟာစာအုပ်ကြီးထဲက စကားလုံးများကို နှုတ်တိုက်လိုက်ရွတ်ရင်း စာတတ်မြောက်ခဲ့ရသည်ဟုလည်း ဆိုနိုင်၏။

. ဂရေဂိုရီ ၁၂နှစ်သားအရွယ်၌ အန္တရာယ်ဆိုးကြီးတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သူနှင့် အစ်ကိုဖြစ်သူမစ်ရှားတို့ တူရာချောင်းကမ်းပါးတွင် ဆော့ကစားနေရာမှ မစ်ရှားချောင်းထဲသို့ ဖြုန်းခနဲ နောက်ပြန်ကျသွားခြင်း ဖြစ်၏။

ဂရေဂိုရီလည်း ချောင်းထဲခုန်ချပြီး မစ်ရှားကို လိုက်ဆယ်ဖို့ ကြိုးစားသည်။ ခရီးသွားလယ်သမားတစ်ယောက်သာ ဝင်မကယ်ပါက သူတို့ ၂ ယောက်စလုံး ရေနစ် အသက်ဆုံးပါးရဖို့သာ ရှိသည်။

ကံခေသူ မစ်ရှားခမျာ အဆုတ်ရောင်၍ အပြင်းဖျားပြီး နေ့တွင်းချင်းပင် ကွယ်လွန်သွားရှာ၏။

သည်အဖြစ်ဆိုးကြောင့် ဂရေဂိုရီလည်း စိတ်ထိခိုက်ချောက်ချားကာ အဖျားဝေဒနာ အကြီးအကျယ် စွဲကပ်ခဲ့ရတော့သည်။

မကြာမီပင် ပြန်နေကောင်းလာ၍ ကစားမပျက်၊ သူ့အချစ်တော် မြင်းတွေနှင့် ဆက် အလုပ်ရှုပ်ခဲ့သော်လည်း သိသိသာသာကြီး ခြားနားပြောင်းလဲခဲ့ပေပြီ။

တစ်ချိန်က ပြည့်ပြည့်ဖြိုးဖြိုးနှင့် နှင်းဆီရောင်သမ်းနေသော မျက်နှာလေးမှာ ဖြူဖပ်ဖြူရော်နှင့် ပါးရိုးတွေ ချောင်ကျသွားခဲ့ရလေပြီ။ ညတိုင်းလိုလို အဖျားတက်တက်လာ၏။ တစ်ခါတစ်ရံ ရက်ပေါင်းများစွာ သတိမရ တစ်ချက် ရတစ်ချက် မေ့မျောနေတတ်သည်။ သူတို့ရွာမှ ဗိန္ဓောဆရာကြီးပင် မျက်စိလည် လက်မှိုင်ချရလောက်အောင် ရောဂါဆန်း ရခဲ့ရသည် ဆိုပါတော့။

သည်လိုနှင့် ဆောင်းဝင်လာသည်။ ဆိုက်ဘေးရီးယားမုန်တိုင်းတွေ တိုက်ခတ်လာသည်။ သူကတော့ မီးဖိုချောင်ကြီးထောင့်က အိပ်ရာပေါ်တွင် ပက်လက်ကလေး။

သူ့အိပ်ရာဘေး မီးလင်းဖိုကြီးရှေ့မှာတော့ သူ့အဖေနှင့် အိမ်နီးချင်းလယ်သမားကြီးများ ဝိုင်းဖွဲ့ပြီး စားရင်းသောက်ရင်းက ရွာသတင်းမြို့သတင်း သတင်းပလင်းပေါင်းစုံ တစ်နေကုန် ထိုင်ပြောနေကျ။


mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ညနေမှာတော့ သူ့မိသားစုတွေနှင့် အိမ်နီးချင်းမိတ်ဆွေတွေက အဖျားတက်နေသောသူ့ကို အနှောင့်အယှက်မဖြစ်ရအောင် တီးတိုးသံလေးများဖြင့် မြင်းခိုးမှုတစ်ခုအကြောင်း ပြောနေကြသည်။

မြင်းခိုးမှုက သူတို့တစ်ရွာလုံးကို တုန်လှုပ် ထိခိုက်စေကြောင်း ရွာတွင် အဆင်းရဲဆုံးလူတစ်ယောက်မြင်းကိုမှ အခိုးခံရခြင်းဖြစ်၍ ထိုလူခများလည်း ပူပန်သောက ရောက်မဆုံးအောင် ခံစားနေရကြောင်း၊ သနားတတ်သောရွာသားတွေက မိုးလင်းကမိုးချုပ် မြင်းပျောက်လိုက်ရှာသော်လည်း အစအနပင် မတွေ့ရကြောင်းများ အပါအဝင်။

အပြင်လောကတွင် အမှောင်ထုကြီးစိုး၍ စားပွဲအလယ်က တစ်လုံးတည်းသော မီးအိမ်အလင်းရောင်ဖြင့် လယ်သမားကြီးတွေက မီးဖိုရှေ့၌ ဝိုင်းဖွဲ့ထိုင်နေဆဲ။

ရုတ်တရက် အမှတ်မထင် လူမမာသည်လေးက အိပ်ရာပေါ် ငေါက်ခနဲ ထထိုင်လိုက်သည်။ သူ့မျက်နှာက သေမတတ်ပိန်လှီနေလင့်ကစား မျက်လုံးတွေက ကြောက်စရာကောင်းလောက်အောင် အရောင်တောက်လျက်။

သူ့ရှေ့တည့်တည့်ကို အတန်ကြာစိုက်ကြည့်နေရာမှ ခုန်ထွက်လိုက်ပြီး၊ လူကြီးတစ်ယောက်ကို ခြေထောက်တွေ ဖမ်းဖက်လိုက်သည်။ နောက် ထိုလူကျောပေါ် တွယ်တက်ခွစီးရင်း

"ဟား ဟား မိပြီ။ မပြေးနှင့် ပီတာ အလက်ဇန်ဒရိုဗစ်ချ်။ မြင်းကို မင်း ခိုးတာ။ မင်း မြင်းသူခိုးပဲ။"

နက်ကျောကျယ်လောင်လှသော အသံကြီးဖြင့် ရယ်လျက် အားရပါးရ အဆက်မပြတ်အော်ရင်းက သူ ခွစီးထားသော လူကြီး၏ဗိုက်ကို ဖနှောင့်တွေနှင့် ဆောင့်ကန်နေလိုက်သေး၏။

"အလက်ဇန်ဒရိုဗစ်ချ် မြင်းသူခိုး၊ အလက်ဇန်ဒရိုဗစ်ချ် မြင်းသူခိုး။"


mgyoe.com

m.gyoe.com SAMPLE BOOK

တကယ်စင်စစ်တော့ သူ့ကိုယ်သူ ဘာလုပ်လို့ လုပ်ရမှန်းမသိသလို မျက်လုံးတွေကလည်း ထူးဆန်းသောအရောင်တွေ တလက်လက်ထွက်လျက် အကြောင်သား ဖြစ်နေသည်။

ခွစီးစွပ်စွဲခံရသူ ကာယကံရှင် အလက်ဇန်ဒရိုဗစ်ချ်နှင့် လူတွေအားလုံးမှာ အံ့အားကြီးတွေသင့်ပြီး၊ မျက်စိပျက်မျက်နှာပျက် ဖြစ်ကုန်ကြရပါပြီ။

'ပီတာ အလန်ဇန်ဒရိုဗစ်ချ်' ဆိုသူကား နှယ်နှယ်ရရ မဟုတ်။ ရွာမျက်နှာဖုံး လူချမ်းသာတစ်ဦးဖြစ်ရုံမက သူခိုးဖမ်းရာမှာလည်း ခေါင်းဆောင်ခဲ့သူ။

ခုတော့ ထိုလူကိုယ်တိုင် မြင်းသူခိုးတဲ့။

လူမမာချာတိတ်က ကယောင်ကတမ်းနှင့် စွပ်စွဲနေပါရောလား။

ချာတိတ်က နာတာရှည် အပြင်းဖျားမနေဘူးဆိုပါက သူ့အဖေက မှတ်လောက်သားလောက်အောင် ချက်ချင်းလက်ငင်း ဆုံးမလိုက်မှာသေချာ၏။ သူ့မိခင်အန်နာက အခြေအနေကို ဝင်ထိန်းလိုက်နိုင်လို့သာတော်တော့သည်။

"တယ် ဒီကောင်လေးဟာ သွေးရူးသွေးတမ်း ကယောင်ချောက်ချားနှင့်။ ရောဂါတွေ ဖောက်သလား မသိပါဘူး။ စိတ်မရှိပါနှင့် ပီတာရယ်၊ ကျွန်မတို့တစ်အိမ်သားလုံး တောင်းပန်ပါတယ်။ အားလုံးပဲ ဒီကိစ္စကို မေ့ပစ်လိုက်ကြပါ။"

ဒီကိစ္စက 'ဒီနေရာတွင် ပြီးပြီးပျောက်ပျောက် မေ့ပစ်လိုက်ကြပါ။' ဆိုပေမယ့် မမေ့နိုင်သူတစ်ချို့က ထိုညဉ့် ပီတာ အလက်ဇန်ဒရိုဗစ်ချ်၏ ယာတောကို သွားချောင်းကြသည်။

ထိုအခါ မြင်းကို နေရာပြောင်းဝှက်ဖို့ ဆွဲထွက်လာသော ပီတာ အလက်ဇန်ဒရိုဗစ်ချ်ကို ပက်ပင်းမိခဲ့ရတော့၏။

"ဖျားနေသော ဂရေဂိုရီရပ်စ်ပြုတင်ထံ ဘုရားသခင်ဝိညာဉ်


m.gyoe.com

mgyoe.com SAMPLE BOOK

ဝင်စား၍ သူခိုးဖမ်းပေးသည်''ဟု တစ်ရွာလုံးက ယုံကြည်ခဲ့ကြသည်။

သည့်နောက်တော့ -

ဂရေဂိုရီ အက်ဖင်မိုးဗစ်ချ် ရပ်စ်ပြူတင်တစ်ယောက် အခြားသော တောသူတောင်သား လယ်သမားလုလင်ပျိုများနည်းတူ ကြီးပြင်း လူလား မြောက်ခဲ့ရသည်။

အရက်ဆိုင်ကို မကြာမကြာ ရောက်၏။

မိန်းမချောလေးတွေနောက် တကောက်ကောက်လိုက်၍ ပိုးတတ် ပန်းတတ်လာ၏။

အဖော်အပေါင်းတွေနှင့် ဟော့ဟော့ရမ်းရမ်း စည်းပျက်ကမ်းပျက် အပျော်ကျူးလာ၏။

လယ်ယာအလုပ်တွေ ဝတ္တရားမပျက်လုပ်သော်လည်း ညတိုင်း အရူးအမူး သောက်စားပျော်ပါးလေ့ ရှိ၏။

နောက်ပိုင်းကျတော့ သူတို့ ဆိုက်ဘေးရီးယန်းရိုးရာဓလေ့ ကာလ သားသမီးတွေစုပြီး ကစားကြ၊ သီချင်းဆိုကြ၊ ကကြနှင့် သူ့ဘဝက အနည်းအကျဉ်း ပြောင်းလဲခဲ့ရ၏။

သို့ဖြင့် 'ပရာစကိုဗီယာ ဖီဒိုရိုဗနာ ဒူဘရိုဗီနာ' အမည်ရှိ မိန်းမ လှလေးနှင့် ဆုံဆည်းပြီး ချစ်ကြိုက်ခဲ့ကြ၏။ ဒါပေမယ့်ပရာစကိုဗီယာနှင့် အိမ်ထောင်ကျခဲ့သည့်တိုင်အောင် အပျော်ကြူးမှုကို မစွန့်လွှတ်နိုင်သေး။

သောက်ဖော်သောက်ဖက် လူရမ်းကားတစ်သိုက်နှင့် တစ်ခါတစ် ခါ သွားတွဲသလို၊ ကောင်မလေးတွေနှင့် သွားကစမြဲ။

သည့်နောက်တော့ ဒုတိယအကြိမ် ထူးခြားဆန်းကြယ်မှုကြီး တစ်ခုနှင့် ဆုံတွေ့ရပြန်သည်။

ထိုအဖြစ်ကို သူ့အရင်းနှီးဆုံးသူငယ်ချင်း မစ်ခေးလ်ပက်ရှ်ကင်


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဦးတည်းကိုသာ ပြန်ပြောခဲ့သည် ဆို၏။ သူငယ်ချင်း ၂ ယောက်သား တူရာချောင်းဘေးတွင် လမ်းလျှောက်ရင်း ပြောပြခဲ့ခြင်းလည်း ဖြစ်၏။

တစ်နေ့ သူ လယ်ထွန်နေခိုက် သူ့နောက်ဘက်မှ ကျေးရွာသူ မိန်းမပျိုများ သံပြိုင်ဆိုသကဲ့သို့ ထူးဆန်းအံ့သြဖွယ် ဓမ္မသီချင်းများ ကြားလိုက် ရတာပါတဲ့။

သူ ဆတ်ခနဲ လှည့်ကြည့်လိုက်ခါမှ ရွှေရောင်တောက်ပနေသော နေခြည်အောက်တွင် မယ်တော်မာရီ၏ ရုပ်ပုံတော်ကို အထင်အလင်း မြင်တွေ့လိုက်ရပါသတဲ့။ မြင်ကွင်းက မိနစ်အနည်းငယ်မျှအကြာတွင် ပြန်ပျောက်သွားသည်။

ဂရေဂိုရီလည်း လယ်ကွင်းအလယ်၌ ကြောင်စီစီကြီးနှင့် မင်တက်ငေးမောရင်း ကျန်ရစ်ခဲ့ရသည်။ စိတ်လှုပ်ရှားပြီး ကတုန်ကရင်ဖြစ်နေ၍ ဘယ်လိုမှ အလုပ် ဆက်မလုပ်နိုင်တော့ဟု ဆို၏။

အိမ်ပြန်ရောက်သည့်အထိလည်း ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုနှင့် ကြည်လင်ရှင်ပျခြင်း မရှိနိုင်တော့ပါ။

သူစိတ်ထဲမှာ 'ဘုရားသခင်က သူ့ကို တာဝန်တစ်ရပ် ချမှတ်ပေးအပ်လိုက်သည်'ဟု ခံစားမိသည်။

တစ်ချိန်တည်း၌ ထူးမြတ်မှုတစ်စုံတစ်ရာအတွက် သူမြတ်နိုးသော အရာအားလုံးကို စွန့်လွှတ်ရှောင်ခွာလိမ့်မည်ဟုလည်း သိလိုက်သလိုလို။

မြင်းတွေ၊ အရက်ဆိုင်၊ သူ့အိမ်၊ သူ့အဖေ၊ ဇနီး၊ သားသမီးတွေနှင့် ရွာကကောင်မလေးတွေ အားလုံး အားလုံး။

●


mgyoe.com

mgyoe.com SAMPLE BOOK 

## ၃-မိစ္ဆာဘုံသို့ ခြေတစ်လှမ်း

ရပ်စ်ပြူတင် လူလတ်ပိုင်း ဝင်လာသည်နှင့် ဖခင်ဖြစ်သူ၏ လက်ငုတ်လက်ရင်းဖြစ်သော 'ခရီးသည်နှင့် ကုန်စည်များပို့ဆောင်ပေးသော မြင်းလှည်းသမား' ဖြစ်ခဲ့တော့သည်။

ရွာနီးချုပ်စပ်များသာမက တစ်ခါတစ်ရံ တိုဘော့စ်နှင့် တီယူမင်မြို့များသို့တိုင် ခရီးဝေး သွားရသည်။ နောက်တစ်လမ်းအနေဖြင့် ယူရေးလ်စ်တောင်ခြေရှိ ဗာကိုချားမြို့သို့ ရောက်၏။

နွေရာသီတွင် တူရာမြစ်ကို ဆန်တက်၍ သူတို့ ပေါ့ကရော့ဗ်စကိုးသို့ ရေကြောင်းလမ်း ပွင့်သော်လည်း၊ ဆောင်းရာသီ၌မူ စွပ်ဖားနှင့် မြင်းလှည်းများကိုသာ အားကိုးရ၏။

သူ့ အသက် ၃၃ နှစ်အရောက်တွင်မူ ခရီးသွားတစ်ဦး၏ ကောင်းမှုကြောင့် ရပ်စ်ပြူတင်၏ဘဝမှာ အခြေခံကစ၍ အပြောင်းအလဲကြီး ပြောင်းလဲခဲ့ရသည်။

ထိုခရီးသည်ကတော့ 'မီလက်တီ ဇာဘိုရော့ဗ်စကီ'ဆိုသူ ခရစ်ယာန် ရဟန်းငယ်တစ်ပါးပင် ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဇာတိုရော့ဗ်စကီး၏ ဗာခိုချားဘုန်းတော်ကြီးကျောင်းသို့ ပညာတော်သင်ခရီးကို လိုက်ပို့ရင်းမှ လမ်းတွင် သူတို့ ၂ ဦး ဘာသာရေးယုံကြည်မှုများအကြောင်း ဆွေးနွေးမိခဲ့ကြသည်။

အညတရတောသားလေးတစ်ယောက်ထံမှ လေးနက်သော အယူအဆများကို ကြားလိုက်ရသော ဇာတိုရော့ဗ်စကီးမှာ မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။

သိပ္ပံနည်းကျဘာသာတရားကို လက်တွေ့ ဆည်းပူးလိုက်စားနေသော ရဟန်းငယ်က ရပ်စ်ပြူတင်အား 'ရှေးရိုးအစဥ်အလာ ယုံကြည်ကိုးကွယ်မှုနှင့် ဝတ်ပြုဆုတောင်းနေခြင်းမှာ အချည်းနှီးသာဖြစ်ကြောင်း ဘယ်ကဲ့သို့ အပြစ်မကင်းကြောင်းများ' ကို ပြန်ပြောလိုက်၏။

ဇာတိုရော့စကီး၏စကားလုံးက ရပ်စ်ပြူတင်၏နှလုံးသားကို အကြီးအကျယ် မွှေနှောက် ချောက်ချားသွားစေသည်။

ဒါပေမယ့်သူ့ခရီးသည်၏ သစ်ဆန်းသောဩဝါဒကို ကြိုက်ချင်ချင် ဖြစ်ခဲ့ရသည်။

ကျင့်ဝတ်စည်းကမ်းကြီးမားသလောက် တင်းကျပ်လှသော သူတို့ အော်သိုဒေါ့က္စ ခရစ်ယာန်အယူဝါဒများသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို ခံယူဖို့ မျှော်လင့်ချက်နည်းပါးကြောင်း၊ လောကီချမ်းသာကာမဂုဏ်အာရုံများကို ပျော်ရွှင်စွာခံစားရင်း ဘုရားသခင်ကို ရှာဖွေခြင်းက ပိုမိုလွယ်ကူကြောင်း၊ သာမန် အပြစ်သားတစ်ယောက်ပင် မစွဲမြဲသော ယုံကြည်ချက်တစ်ခုတည်း လက်ကိုင်ထားရုံနှင့် လျှို့ဝှက်သော အမှန်တရားကို ရယူနိုင်ပြီး ဘုရားသခင်နှင့် တွေ့ခွင့်ရနိုင်ကြောင်းများကို အာဝဇ္ဇန်းကောင်းကောင်းနှင့် ဆွယ်တရားဟောခဲ့ခြင်း ဖြစ်၏။

နောက်ဆုံး ဇာတိုရော့ဗ်စကီးက ရပ်စပြူတင်ကို အိမ်မပြန်ဘဲ သူနှင့် အတူနေဖို့ပင် စည်းရုံးရာ အောင်မြင်ခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဗာကိုချားကျောင်းတော်ကြီးမှာ ဆိုက်ဘေးရီးယန်းဘာသာရေးကျောင်းများ၏ ထုံးစံအတိုင်း တရားဘာဝနာ ကျင့်ကြံဖို့နေရာထက် စိုက်ခင်းပျိုးခင်းတွေက များလှသည်။

ကျောင်းထိုင်, ကျောင်းအုပ် ဘုန်းကြီးတွေကလည်း စည်းကမ်းတင်းကျပ်စွာချမှတ်၍ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများကို ဆည်းပူးလေ့ကျင့်သည်ကတစ်ဖက်၊ သူတို့ပိုင်လယ်မြေများ ဖြစ်ထွန်းအောင်မြင်ရေးကို လုပ်ဆောင်သည်က တစ်ဖက် ဖြစ်နေ၏။

ဘာပဲဖြစ်ဖြစ်၊ လောကီနှင့် လောကုတ္တရာ တွဲထားသော ထိုနေရာမှာ လယ်သမားတစ်ဦးသာဖြစ်သော ရပ်စ်ပြူတင်အဖို့ အခက်အခဲ မရှိလှပါချေ။

မကြာမီပင် သူ တအံ့တသြ နားလည်လာရသည်က ကျောင်းတော်ကြီး၌ အုပ်ချုပ်သူအုပ်စုနှင့် အခိုင်ခံ အုပ်စုဟူ၍ ၂ပိုင်းကွဲနေခြင်းပင်။

ထို့ပြင်အစောင့်အကြပ်တာဝန်ကျ ပုဂ္ဂိုလ်များကအစ ခီလက်စတီခေါ် သာသနာပြုပြင်ရေးဂိုဏ်းဝင် ဖောက်ပြန်ရေးသမားတွေ ဖြစ်နေတာလည်း တွေ့ရသည်။

စင်စစ်တော့ 'ဗာကိုချားကျောင်းတော်'ဆိုသည်ကား မိရိုးဖလာ အော်သိုဒေါ့က္စဘာသာကို ဆန့်ကျင်၊ အသစ်အဆန်းထွင်၊ မိစ္ဆာတိတ္ထိလမ်းစဉ်ဖြင့် နေချင်သလိုနေဖို့ ကြိုးစားသူများအား နယ်နှင်ဒဏ်ခတ်၍ သွန်သင်ဆုံးမ ပေးရာ ဌာနကြီးပါပေတည်း။

သွေးဖည်ရေးသမားတွေက သူတို့အမှား သူတို့ သိလောက်ပြီဆိုမှ မူရင်းဘုရားကျောင်းက ဆရာသမားများထံ ပြန်ပို့ရန် စီစဉ်ထား၏။

သို့သော် လက်တွေ့မှာတော့ စီစဉ်သလို ဖြစ်မလာ။

တိတ္ထိဂိုဏ်သားတွေ အားကောင်းသထက်ကောင်းအောင် စုစည်းပေးလိုက်ရာသာ ရောက်ခဲ့သည်။

အပြင်ပန်းအားဖြင့် အော်သိုဒေါ့က္စဂိုဏ်းတော်ကြီး၏ ကျင့်ဝတ်


mgyoe.com

mgyoe.com SAMPLE BOOK
စည်းကမ်းများကို လိုက်နာကျင့်ဆောင်ဟန်ပြ၍ အနှစ်သာရတွင်မူ တိဗ္ဗတီအယူအဆများကို လက်သိပ်ထိုးဖြန့်ဝေ ပွားများကြလေတော့သည်။

သို့ဖြင့်ရပ်စ်ပြူတင်တစ်ယောက်လည်း သူတို့စကားတွေ နားယောင်ပြီး 'ခီလက်စတီ'ဂိုဏ်းဝင် လုံးလုံးကြီး ဖြစ်ခဲ့ရပါလေပြီ။

ဤနေရာတွင် ခီလက်စတီဂိုဏ်းအကြောင်း သိကောင်းစရာလေးတွေ ပြောပြဖို့ လိုအပ်လာပါသည်။

ခီလက်စတီ (ဘုရားလူ)ဟု အမည်တွင်သော ဂိုဏ်းနှင့် အယူဝါဒသစ်ကို လွန်ခဲ့သော နှစ်ပေါင်း၂၀၀ကျော်က ဗလာဒီမာပြည်နယ် စတာရိုဒပ်ဗ်ခရိုင် မူရော့ဖ်မြို့အပိုင် တောင်ပေါ်ရွာလေးတစ်ရွာ၌ 'ဒင်နီလာ ဖီလီပစ်ချ်' ဆိုသော လယ်သမား (စစ်ပြေးလည်း ဖြစ်ခဲ့ဖူးသူ)က စထွင် တည်ထောင်ခဲ့ခြင်း ဖြစ်၏။ သူ့ဝါဒက -

'ကျမ်းစာတွေဖတ်နေရုံနှင့် ဘုရားသွားကျောင်းတက် ဝတ်ပြုနေရုံ သက်သက်မှာ တစ်ဆင့်ခံဖြစ်၍ အကျိုးမရှိ။ စာသိထက် ငါသိက အရေးကြီးသည်။'

'ကိုယ်ပိုင်လမ်းစဉ်၊ ထူးကဲသော အကျင့်တရားများဖြင့် ဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ်နိုင်အောင် လုပ်ရမည်။'

'လူတိုင်းလူတိုင်း ဘုရားဖြစ်နိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို အရယူနိုင်သည်။'

'ဘုရားသခင်သည် ခရစ်တော်တစ်ပါးတည်းကို သားအဖြစ် တစ်ကြိမ်သာ လွှတ်လိုက်သည် မဟုတ်။ လူတိုင်းကို အချိန်မရွေး၊ နေရာမရွေး၊ သားအဖြစ် ဘုန်းတော် ဝင်စားနိုင်သည်။'

'ဘုရားသခင်နှင့် ဆက်သွယ်ပေါင်းစည်းမိရန်နှင့် ကောင်းကင်ဘုံ၏ စွမ်းအင်သိဒ္ဓိများကို ရရှိခံစားနိုင်ရန် အပြစ်သားဖြစ်သူသည် ခရစ်တော်၏ ထူးဆန်းသောသေခြင်းမျိုးနှင့် အရင်ဦးစွာ သေလိုက်ရမည်။'


mgyoe.com

mgyoe.com SAMPLE BOOK

'တစ်နည်းဆိုသော် အသက်ရှင်လျက်သားက ကိုယ်တွင်းရှိ အပြစ်အားလုံးကို သန့်စင် ဆေးကြောပစ်လိုက်ရမည်။ ကိလေသာတွေကို အလိုအလျောက် ငြိမ်းသတ်ရမည်။'

'ကိလေသာတွေ အလိုလိုငြိမ်းဖို့ဆိုသည်မှာ ကိလေသာတွေကို မငြီးငွေ့မချင်း ခံစားခြင်းပင်ဖြစ်သည်။ ဟူ၏။ ငြီးငွေ့သွားချိန်၌ ကိလေသာမီးတွေ ငြိမ်းပြီးသား ဖြစ်သွားမည်။'တဲ့

'ထိုသို့ အတွင်းသေ သေသွားသည်နှင့် ရှင်ပြန်ထမြောက်ခြင်း ဝင်ရောက်လာကာ ဝိညာဉ်ပိုင်းအားဖြင့် သေခြင်းတရားမှ လွတ်မြောက်ပြီး မြင့်မြတ်သောဘဝကို ပိုင်ဆိုင်ရတော့မည် ဆို၏။'

'ထိုအခါ အံ့မခန်းတန်ခိုးသိဒ္ဓိတွေ ရလာမည်။ အနာဂတ်ကို ကြိုမြင်မည်။ နာဖျားသူများကို ပျောက်ကင်းအောင် ကုသပေးနိုင်မည်။ သေသူများကိုလည်း ရှင်အောင် လုပ်ပေးနိုင်မည်။ အပြစ်ခံငရဲသားများကိုပင် ကောင်းကင်ဘုံအရောက် ကယ်တင်နိုင်လိမ့်မည်။'

'ခမည်းတော်၊ သားတော်၊ သန့်ရှင်းဝိညာဉ်တော်တို့ တစ်ပေါင်းတည်း ကိန်းဝပ်နေသော ထိုလူသည် နောက်ဆုံး တရားစီရင်သော နေ့တွင် ဆုနှင့် အပြစ်ဒဏ်များကို ခွဲဝေ ချမှတ်ပေးလိမ့်မည်။'

'ထိုအယူဝါဒအရ ရုရှားပြည်၌လည်း ဘုရားအသစ်ဖြစ်နိုင်၍ အညတရ တောသူတောင်သား လယ်သမားတစ်ယောက်ကပင် ဘုရားဘွဲ့ ခံနိုင်သည်။'

'သူကိုယ်တိုင်ပင် မွေးစဉ်ညကလည်း မိုးပေါ်က နတ်မြင်းပျံပန်းရထားကြီး အရောင်တဝင်းဝင်းနှင့် နတ်သမီးလေးများခြံရံကာ အိမ်ခေါင်မိုးထက်သို့ ဆင်းသက်ခဲ့သည်ဟု ဝါဒဖြန့်လိုက်သေး၏။'

ထို့နောက်တော့ ဒင်နီလာ ဖိလီပစ်ချ်နှင့် (မက်ဆာကော့ဗ်ရှိ အသက် ၁၀၀ကျော် ဇနီးမောင်နှံမှ ထူးဆန်းစွာမွေးဖွားလာသော) 'အိုင်ဗင်တင်မို


mgyoe.com

mgyoe.com
SAMPLE BOOK
ဖိးဗစ်ချ် ဆပ်စလော့ဗ်' ဆိုသူတို့ ပေါင်းမိခဲ့လေ၏။

ဖိလစ်ပစ်ချ်က 'ဘုရားသခင်'၊ ဆပ်စလော့ဗ်က 'သားတော်ယေရှု' အဖြစ် ခံယူခဲ့ကြသော ဟူ၏။

အိုင်ဗင်ဆပ်စလောဗ်သည် တပည့်လက်သား ၁၂ ယောက်နှင့် ဗော့ဒဂါမြစ်ရိုးတစ်လျှောက် လှည့်လည်ကျက်စားနေခဲ့ရာမှ ဇာဘုရင် အလက်ဇန္ဒား မစ်ဟေးလ်လိုဗစ်ချ်က ဖမ်းဆီးလိုက်သည်။ မော့စကိုသို့ ခေါ်လာပြီး ကရင်မလင်နန်းတော်မြို့ရိုး၌ ကားစင်တင် ကွပ်မျက်ခဲ့ရာ ၃ ကြိမ်တိတိ သတ်ရသော ဟူ၏။

နောက်သူတို့၏ အဆက်အနွယ်အဖြစ် တမန်တော် ရာဒယက်ဖ် ပေါ်လာပြန်သည်။

ရာဒယက်ဖ်ကား အရှက်အကြောက်ကင်းမဲ့လွန်းစွာ ရာဂကျူးခဲ့၏။ မိန်းမ ၁၃ယောက် တစ်ပြိုင်တည်း ယူပြခဲ့၏။ မူးမူးရူးရူးနှင့် ဆိုးသွမ်းယုတ်ကန်းမှု မှန်သမျှကို လုပ်ဆောင်၏။

'ဘာပဲလုပ်လုပ် သူ့အတွက် အပြစ်မဖြစ်ဘူး'ဆိုပြီး တမန်တော် ဘဝက တစ်ပြားမျှ မလျှော့။ ပါးစပ်ကတော့ ဘုရားစကား တရားစကားတွေ တွင်တွင်သာပြောနေဆဲ။

သူ့အပြစ်တွေ အပြစ်မမြောက်တာက ဘုရားသခင်အလိုကျ လုပ်ရလို့ပါတဲ့။

ဘုရားသခင်ရှေ့မှောက်မှာ အဆိုးယုတ်ဆုံးအလုပ်တွေ လုပ်ခဲ့ရခြင်း ဖြစ်၍လည်း ပိုမွန်မြတ်ပြီး၊ သာမန်လူတစ်ယောက်၏ အကောင်းဆုံး အသန့်ဆုံးလုပ်ရပ်များထက် သာလွန်သည်ဟု ဆိုခဲ့၏။

သူ့ကို အကျင့်စာရိတ္တ ဖောက်ပြန်မှုဖြင့် ဘုရင့်တရားရုံးတော်သို့ ခေါ်ယူစစ်ဆေးတော့လည်း -

"ကျုပ်လုပ်ရပ်တွေဟာ အာပတ်သင့်စရာအကြောင်း လုံး၀ မရှိ


mgyoe.com

mgyoe.com SAMPLE BOOK

ဘူး။ သင်တို့ဟာ ကျုပ်အပြစ်ကို မြင်ပေမယ့်၊ ကျုပ်ကိုယ်ထဲက ဘုရားသခင်ကို မမြင်ကြပါဘူး။''

''ကျုပ်ဟာ တရားဥပဒေကို ဘောင်မကျော်ဖို့ သတိထားသလို၊ ဘုရားသခင့်ရဲ့ဆန္ဒကို မလွန်ဆန်အောင်လည်း ဂရုစိုက်ပါတယ်။ 'ကျုပ်နှင့် မကင်းဘူး' ဆိုတဲ့ မိန်းမတွေကလည်း သူတို့သဘောနှင့် သူတို့ လာကြတာပါ။ ဘုရားသခင်ဟာ ကျုပ်ကိုယ်ထဲမှာ ရှိသလို ကျုပ်နှင့် ထိလိုက်တာနှင့် သူတို့မှာရှိသမျှ အပြစ်တွေ ကျေပျက်သွားကြတယ်လို့ ယုံကြည်ကြတယ်လေ။'' စသည်ဖြင့် စာဒကတက် လျှောက်လဲချက် ပေးခဲ့သည်။

(ရပ်စ်ပြူတင်သည် ရာဒယက်ဖ်ကို အားကျပြီး သူ့ကိုယ်သူ 'ရာဒယက်ဖ်ဝင်စားသည်' ဟု ယူဆခဲ့၏။)

ဗာကိုချားကျောင်းတော်ကြီးနှင့် သိပ်မဝေးသော နေရာတွင် 'မာကရီ' ဆိုသော သူတော်စင်အဘိုးအိုတစ်ဦးလည်း သက်ရှိထင်ရှား ရှိခဲ့သေးသည်။

ရပ်စ်ပြူတင်သည် ဗာကိုချားကျောင်းတော်ကြီးမှ မထွက်ခွာမီ ဖာသာမာကရီအား သွားတွေ့ခဲ့သည်။

မာကရီကလည်း တစ်ချိန်က အပြစ်ပေါင်းစုံကျူးလွန်ခဲ့သော လူဆိုးကြီးဖြစ်၍ ခုတော့ ဘုရားတစ်ဆူ ဂူတစ်လုံးအသွင် ကြည်ညိုကိုးကွယ်ခံရသူ 'ဘုရားလူ' ဖြစ်နေပါပြီတဲ့။

ဂူအောင်းပြီး ဧကစာကျင့်နေသော မာကရီအဘိုးအိုထံ ရပ်နီးရပ်ဝေးမှ လူတန်းစားအသီးသီး အဖူးမြော် လာရောက်ကြသည်။ 'မာကရီ၏ ကောင်းချီးမင်္ဂလာ ခံယူလိုက်ရခြင်းဖြင့် အပြစ်တွေ ကင်းစင်ပြီး၊ ရောဂါတွေပါ ပျောက်သည်။' ဟုယုံကြည်ကြ၏။

ရပ်စ်ပြူတင်အား အရိုးပြိုင်းပြိုင်းကျနေသော မာကရီက ကြည်ကြည်ဖြူဖြူ အတွေ့ခံသည်။ သူပြောသမျှကို စိတ်ရှည်လက်ရှည် နား


mgyoe.com

mgyoe.com SAMPLE BOOK

ထောင်ကာ နားလည် ကြင်နာမှုအပြည့်ဖြင့် အဆုံးအဖြတ် တုံ့ပြန်ချက်ပေးသည်က တိုးတိုးညင်ညင်ကလေး။

“ဝမ်းမြောက်ပျော်ရွှင်လော့ ငါ့သား။ လူ သောင်းပေါင်းများစွာထဲက ငါ့သားကို ဘုရားသခင်က ရွေးချယ်တော်မူခဲ့ပြီ။ သင့်ရှေ့တွင် ကြီးကျယ်မြင့်မြတ်သော အနာဂတ်များ ရှိနေလေရဲ့။ သင့်ဇနီး၊ သားမယားနှင့် မြင်းများကို စွန့်လွှတ်၍ ဂန္ဓာရီ လှည့်ပေတော့။ မြေကြီးက စကားပြောသည်ကို သင် ကြားရလိမ့်မည်။ သူပြောစကားများကို နားလည်အောင် သင်ကြားလော့။ တစ်ဖန်မြင့်မြတ်သော ရှရှားမြေပြင်၏ စကားသံများကို လူအပေါင်းကြားသိစေရန် ကြေညာပေးပါတော့။”

ရပ်စ်ပြူတင်လည်း မာကရီ၏ နှုတ်ကပါဠ်တော်ကို ဦးထိပ်ပန်၍ လှုပ်ရှားခဲ့တော့သည်။

တကယ်တော့ ရပ်စ်ပြူတင်ခမျာ သန္ဓေနှင့် လာခြင်းကောင်းပါလျက် ဇာဗရော့ဗ်စကီတို့လို အကျင့်ပျက်အရည်းကြီးတွေနှင့် အပေါင်းမှားခဲ့ရှာသည်။

ဖီလစ်ပစ်ချ်၊ ဆပ်စလော့ဗ်၊ မာကနီတို့လို စင်ပြိုင်သာသနာ ထူထောင်သူ ဂိုဏ်းသားများကို ဆရာတင်မိရာမှ ပါးစပ်ဘုရား လက်ကကားယား လမ်းလွဲလိုက် ထင်ရာစိုင်းမိခဲ့ကာ ဇာတ်သိမ်းမလှသည့် အဖြစ်ဆိုးနှင့် ကြုံခဲ့ရခြင်းလည်း ဖြစ်၏။

ဘုန်းကြီးလို့ သက်မရှည်၊ ဆရာမှားလို့ သားသေခဲ့ရသော ‘ရပ်စ်ပြူတင်’ဆိုလျှင် မှားမည်မဟုတ်။

ဘာပဲဖြစ်ဖြစ် သူကား ရှရှားပြည်သမိုင်းကို ကိုင်လှုပ်ပြီး အကျည်းတန်စေခဲ့သူ နတ်ဆိုးတစ်ပါးရယ်လို့တော့ ဘုန်းတန်ခိုး တောက်ပထင်ရှားကျော်ကြားခဲ့ပါလေသည်။

●


mgyoe.com

mgyoe.com SAMPLE BOOK

## ၄–ဂန္ဓာရီ အကျဉ်းသား

'ဘုရားဖူးခရီး' သို့မဟုတ် 'ဂန္ဓာရီလှည့်ခြင်း'မှာ ရုရှားနိုင်ငံ၏ ဂမ္ဘီရကျင့်စဉ်များအနက် အဓိကအရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်၏။

ဂမ္ဘီရပညာလိုက်စားသူ ယောကျ်ားမှန်သမျှသည် ကြီးကြီးငယ် ငယ် အရွယ်မရွေး သူတို့၏လုပ်ငန်းများ, လယ်ယာများကို ရုတ်တရက် စွန့်ပစ်ထားခဲ့ကြသည်။ သူတို့၏ မိသားစုများကို 'သူတို့ ဘယ်သွားလို့ ဘယ်ရောက်မယ်'ဆိုတာ အသိမပေးရုံမက သူတို့၏ကိုယ်ပိုင်နာမည်, သက်သေခံစာရွက်စာတမ်း, အဝတ်အစားများကိုပါ ဖျောက်ဖျက်ပစ်ခဲ့ပြီး၊ မိဘသားမယားများနှင့် ဘဝဟောင်းကို လုံးဝမေ့ပစ်ကာ ဝတ်ဖြူစင်ကြယ်တစ်ခုနှင့် ဘဝသစ်သို့ ကူးဝင်သွားခြင်းလည်း ဖြစ်၏။

အိမ်နှင့်လည်း အဆက်အသွယ် မလုပ်။ သေသလား ရှင်သလား မသိရ။ မအောင်မြင်မချင်း ဇာတ်မြှုပ်နေရသော ဂန္ဓာရီခရီးသည်များ၏ ဘဝပါပဲ။

သူတို့အဖို့ လက်ရှိဇနီးမယားနှင့်အတူ မအိပ်ရတော့သလို အိမ်ထောင်သစ်လည်း အတည်တကျ ပြုခွင့်မရတော့ ဟုဆိုသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သို့သော်အကျင့်စခန်း ပေါက်မြောက်ပြီးနောက် အချစ်ကိစ္စတွင် ကြိုက်သလောက် ပျော်ပါးလို့တော့ ရပါသတဲ့။

ရပ်စ်ပြူတင်သည် ဗာကိုချားကျောင်းတော်တွင် ခိုလှုံခဲ့စဉ် 'ခီလ်စတီ' အခြေခံကျင့်စဉ်များကို ကျင့်သားရခဲ့ပြီ ဖြစ်၏။

ဘုရား၏တန်ခိုးများ တိုက်ရိုက်ရရှိရန် မြေလူး၍ မြည်တမ်းတောင်းဆိုခြင်း၊ တစ်ဦးတည်းနေ၍ ဇေကစာကျင့်ခြင်း၊ ခြိုးခြံခေါင်းပါးစွာကျင့်ခြင်း၊ လျှို့ဝှက်ထူးဆန်းစွာ သေဆုံးရန် အသေကျင့်ခြင်း၊ ဆန္ဒရမ္မက်များကို နှိမ်ချိုးခြင်းတို့ကို လုပ်ဆောင်ခဲ့ခြင်းပင်။

ယခု သူ့ဇာတိရွာ ပိုကရော့စ်စကိုးသို့ ပြန်လာခြင်းမှာလည်း သူ့မိသားစုများကို ဂန္ဓာရီခရီးစဉ်အနေဖြင့် လာရောက်နှုတ်ဆက်ခြင်းသာ ဖြစ်သည်။

ထိုအချိန်က ရုရှားကျေးလက်ဒေသများတွင် ခီလ်စတီအုပ်စုကို ယုံကြည်အားထားသူများက ဂန္ဓာရီခရီးသည်များကို အလေးအမြတ်ထားခဲ့ကြသည်။ ဂန္ဓာရီခရီးသည်များ နားနေရန် သီးသန့်ခန်းများ ထားပေးသည်။ အထူးသဖြင့် မြေတိုက်ခန်းများ၊ စပါးကျီများ၌ တစ်ယောက်တည်း နေစေ၍ ကျွေးမွေးစောင့်ရှောက်သည်။

ဂန္ဓာရီခရီးသည်ကလည်း အမှောင်တိုက်ထဲတွင် နေရင်းက ဘုရားသခင်အလိုကျ စိတ်ပိုင်းဆိုင်ရာကျင့်စဉ်များကို အရိုးကျေကျေ အရေခမ်းခမ်းဆိုပြီး လုပ်ဆောင်သည်။

တစ်စထက်တစ်စ ရင့်ကျက်လာသည့်အခါ သူ့ကို တန်ခိုးရှင်တစ်ဦးအဖြစ် သတ်မှတ်၍ ပူဇော်သမှုပြုပြီး၊ သူ့ထံက ဘုရားဓာတ်ကို ရယူကြသည်။ ဟောပြောဆုံးမမှုများကို နာခံကြသည်။

စနေနေ့ညများနှင့် ကြုံလျှင်၊ 'ဘုရားလူ' တည်းခိုအိမ်သို့ ယုံကြည်


mgyoe.com

mgyoe.com SAMPLE BOOK

သက်ဝင်သူ ရွာသူရွာသားများ အလျှိုအလျှိုလာကြပြီ အိမ်ပြတင်းပေါက်များကို အလုံပိတ်ကာ ဓမ္မသီချင်းများ သီဆိုကခုန်ကြသည်။ တချို့မှာ မူးမေ့လဲကျသွားသည်အထိ အဖြစ်သည်းရုံမက၊ အဝတ်အစားတွေ ဆွဲဖြဲသူ ဆွဲဖြဲ၊ တိရစ္ဆာန်လို အော်သူ အော်၊ နောက်ဆုံး မီးတွေမှိတ်ပစ်လိုက်ကာ ရှုးရှူးမူးမူး စိတ်လွတ်ကိုယ်လွတ် ပျော်ပါးကြတော့သည်။

ဤသည်ကိုပင် 'ဘုရားသခင်ထံက မေတ္တာခံယူပြီး သိဒ္ဓိတင်သည်။' ဟု ဆိုကြလေ၏။

သို့ဖြင့် ရပ်စ်ပြူတင်သည် တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ရင်း အိမ်သို့ တော်တော်နှင့် ပြန်မရောက်နိုင်ဘဲ၊ ၃နှစ်မျှ ကြာသွားခဲ့ရသည်။

သူ့ဇနီးနှင့် သားသမီးများကတော့ ပျောက်ခြင်းမလှ ပျောက်သွားသော သူ့ကို 'သေပြီ'လို့ပင် မှတ်ထင်ခဲ့ကြ၏။ သူ့ဖခင်ကြီးဆိုလည်း သူ့အတွက် စိတ်ထိခိုက်၍ ဗုန်းဗုန်းလဲမတတ် ပိန်ချုံးသွား၏။

ဒါပေမယ့်သူတို့အိမ်သို့ ဝင်နားသွားကြသော ခရီးသည်အချို့ ပြောသွားသော သူတော်စင် 'ဘုရားလူ' အသစ်အကြောင်း ကြားလိုက်ရပြန်တော့ အားတက်သွားကြရသည်။ ၄င်းတို့ပြောပြသော 'ဘုရားလူ'မှာ ရပ်စ်ပြူတင်နှင့် ခပ်ဆင်ဆင်ဖြစ်နေသောကြောင့် ဖြစ်သည်။

ထို့နောက်ဆက်တိုက် ကြားလာရသောသတင်းတွေက 'ထိုပုဂ္ဂိုလ်မှာ အမျိုးသမီးတစ်သိုက် ခြံရံလျက် တောရဆောက်တည်သည်။' ဟုဆိုကာ တောတွင်း၌ မြူးတူးကခုန်ပြီး နေချင်သလို နေနေကြပါသတဲ့။

အမျိုးသမီးတွေက လင်ပစ်သားပစ် မိဘပစ်၍ သူ့နောက် တကောက်ကောက်လိုက်ကြခြင်းမှာ 'သူ့မေတ္တာရိပ်ကို ခိုလှုံမိလျှင် ကျူးလွန်ခဲ့သမျှ အပြစ်တွေ ကျေသည်။' ဟုယုံကြည်လို့ပါတဲ့။

တစ်ဖက်ကလည်း ထိုပုဂ္ဂိုလ်သည် 'စိန့်' ခေါ် သူတော်စင်တို့၏ တန်ခိုးဣဒ္ဓိပါဒ်မျိုး ရရှိနေသဖြင့်၊ အကြားအမြင်ပေါက်ပြီး ရှေ့ဖြစ်နောက်ဖြစ်တွေ ဟောကိန်းထုတ်နိုင်သည်။ အပမှီနေသော သီလရှင်တစ်ယောက်



mgyoe.com

mgyoe.com SAMPLE BOOK
ထံက မကောင်းဆိုးဝါးကို နှင်ထုတ်ပေးခဲ့သည်။ ရောဂါရှင်တွေကို ထိကိုင်၍ 'ပျောက်စေ'ဆိုရုံနှင့် ရောဂါတွေ ပျောက်ကင်းစေသည်စသဖြင့် သတင်းထွက်နေပြန်၏။

ရှေးရိုးစဉ်လာ ဘာသာရေးသမားတွေက သူ့ကို လက်မခံသော်လည်း၊ အထူးအဆန်းကို ရှူးရှူးရှဲရှဲ ကြိုက်သူတွေကတော့ သူ့မှသူ ဆရာကြီးတစ်ဆူအဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။

တစ်ညမှာရပ်စ်ပြူတင် သူ့အိမ်သို့ ပြန်ရောက်လာသည်။

သူ့ဇနီး ပရက်စကိုဗီယာ ဖီဒိုဗနာက တံခါးခေါက်သံကြားရာက လုပ်လက်စအလုပ်ကို ပစ်ထားခဲ့ပြီး လာဖွင့်ပေးခဲ့၏။ ဖြုန်းခနဲ သူ တွေ့လိုက်ရသည်က မုတ်ဆိတ်ကျင်စွယ်တွေ အဖွေးသားနှင့် ကျုံ့လှီဖျော့တော့နေသော အဖိုးအိုတစ်ဦး။ ခါတိုင်းလို 'ဂန္ဓာရီခရီးသည်'ပဲ အောက်မေ့လိုက်သည်။

ဒါပေမယ့်သေသေချာချာ အနီးကပ်ကြည့်တော့မှ သေးသေးစူးစူးလေးလေးတွေနှင့် အပြာရောင်တောက်နေသော သူ့ခင်ပွန်း၏ မျက်လုံးများကို မှတ်မိလိုက်သည်။ ထိုမျက်လုံးလေးများထဲတွင် ရွှင်မြူးတက်ကြွမှုများ၊ ကောက်ကျစ်ရက်စက်မှုများက အထင်းသား။ လူမှားစရာ မရှိတော့။

တွေ့တွေ့ချင်းမှာပင် အံ့အားသင့်စရာ ထပ်ကြုံလိုက်ရပြန်သည်။ တစ်အိမ်သားလုံး ထွက်ကြိုဖို့ ဝမ်းမြောက်ဝမ်းသာ ပြေးထွက်လာကြရင်း တန်းလန်းက ရပ်စ်စပြူတင်၏ ထူးထူးဆန်းဆန်းတုံ့ပြန်မှုကြောင့် ခြေလှမ်းတွေ တန့်သွားရသည်။

ပုဂ္ဂိုလ်က နှစ်နှင့်ချီ၍ ကွဲကွာခဲ့ရသော မိသားစုနှင့် ပြန်တွေ့ရသည့်အတွက် ပျော်ရွှင်သည့်အရိပ်အယောင် သမ်းလင့်ကစား သိပ်ဟက်ဟက်ပက်ပက် မရှိလှ။

သူ့နှုတ်ဆက်သံကလည်း သူစိမ်းဆန်နေသလို၊ အားရပါးရဖက်လှဲ


mgyoe.com

mgyoe.com SAMPLE BOOK

တကင်း နှုတ်ဆက်ခြင်းများကို အေးတိအေးစက်နှင့် ပြန်နှုတ်ဆက်သည်။

ပြီးတော့ညာလက်ကို သူ့အိမ်သားများ၏ ခေါင်းအထက်၌ဝဲ လျက် ကောင်းချီးပေးကာ သူမြတ်တို့၏ဣန္ဒြေဖြင့် လက်ဝါးကပ်တိုင် အထိမ်းအမှတ် ပြု၍ ဘုရားရှိခိုး၏။

သူ့ဖခင်၊ သူ့ဇနီး၊ သူ့သားသမီးတွေအားလုံးမှာ သိသိသာသာကြီး ခြားနားပြောင်းလဲသွားသော သူ့အပြုအမူကို အလေးအနက်ထား၍ ဝမ်းနည်း ဝမ်းသာ နားလည်မှု ပေးလိုက်ကြရပါပြီ။

ဂရေဂရီက 'သူနေဖို့ လျှို့ဝှက်မြေတိုက်ခန်းကို သော့ဖွင့်ပေးပါ။' ဟု ဆိုလိုက်သည်။

သူတို့အိမ်အနောက် ပေ ၂၀အနက်တွင် တူးထားသော မြေတိုက် ခန်းလေး၌ ဂန္ဓာရီခရီးသည်များ သက်ဆိုင်ရာအာဏာပိုင်တို့ကို ရှောင်တိမ်း ခိုနားရန်၊ သို့မဟုတ် လူတွေနှင့် အဆက်ဖြတ်ပြီး ဇေစာကျင့် တရား အားထုတ်ရန် သီးသန့်နေရာ ချထားလေ့ ရှိခဲ့၏။

ယခုတော့ပရက်စကိုဗီယာကိုယ်တိုင် သူ့ခင်ပွန်းသည်ကို ဂန္ဓာရီ ခရီးသည်ကြီးအဖြစ် သူတို့အိမ်နှင့် မလှမ်းမကမ်းရှိ မြေတိုက်ထဲသို့ လှေကား ကျဉ်းလေးက လိုက်ပို့ခဲ့ရလေပြီ။

မြေတိုက်ထဲမှာ 'လေဝင်ပေါက်၊ ပြူတင်းပေါက်'ဟူ၍ မရှိဘဲ မှိုနံ့နှင့်၊ မြေကြီးနံ့တွေစွဲပြီး စိုစွတ်ထိုင်းမှိုင်းနေသည်။

ခေါင်မိုးပေါ်၌ မီးအိမ်တစ်လုံးရှိပြီး သူတော်စင်များ၊ တမန်တော် များ၏ ရုပ်ပုံကားချပ်တွေကို နံရံများတွင် ချိတ်ဆွဲထား၏။

ရပ်စ်ပြူတင်သည် သူ့ကိုယ်သူ အကျဉ်းချ၍ ထိုမြေတိုက်ထဲတွင် နေရောညပါနေပြီး မြေကြီးပေါ်တွင်ပင် ဒူးထောက်ကာ အပြစ်ကြွေးတွေ ကို ကျေအောင် ဆပ်နေခဲ့ပါ၏။

ပရက်စကိုဗီယာမှာ ညဘက် သူမအိပ်ရာပေါ်တွင် လဲလျောင်းနေ ရင်းကြားက မြေတိုက်ခန်းဆီမှ ဘုရားသခင်ထံ နောင်တသံဖြင့် ဝန်ချ


mgyoe.com

mgyoe.com SAMPLE BOOK
တောင်းပန် ဆုတောင်းနေသံများ၊ ငိုကြွေးမြည်တမ်းနေသံများကို နားနှင့် ဆတ်ဆတ် ကြားနေရသည်။

သူ့အသံက ညဏ်တိတ်ဆိတ်ခြင်းကို ထွင်းဖောက်၍ တကယ့်ကို ကြေကွဲဝမ်းနည်းဖွယ် ငိုသံပါကြီးနှင့် ညည်းတွားသလို ဖြစ်နေ၏။ ထိုမှတစ် ဖန်သာယာနာပျော်ဖွယ် ဓမ္မသီချင်းများ ကျူးရင့်သံ ထွက်လာသည်။ ပြီး နောက်ငိုညည်းသံကြီးများအဖြစ် ပြောင်းလဲသွားပြန်သည်။

နောက်တစ်နေ့ မိုးသောက်သည်နှင့် ပရက်စကိုဗီယာနှင့် အဖိုးအို အီဗင်တို့က အပြစ်ခံနေသော ရပ်စ်ပြူတင်ထံ ဆင်းကြည့်ကြ၏။

သည်အခါတွင် ရပ်စ်ပြူတင်သည် ဒူးထောက်ပြီး မြေကြီးပေါ်တွင် ခေါင်းစိုက်ဝပ်တွားလျက် အသားတွေ တဆတ်ဆတ်တုန်ရင်းက တေးသံ ပေါက်အောင် သာယာနာပျော်ဖွယ် ဆုတောင်းသံများကို အူလှိုက်အသည်း လှိုက် ကြည်ကြည်နူးနူးရွတ်ဆိုနေသည်မှာ အကြိမ်၁၀၀မက။

"ဘုရားသခင် ကျွန်ုပ်တို့အပေါ်တွင် သနားကရုဏာ ထားခဲ့ပါ ပြီ။"

ထိုစကားလုံးများက နိမ့်ရာမှ တဖြည်းဖြည်း မြင့်တက်ကာ တစ်လုံးချင်း ပီပီသသထွက်လာသည်။ ထို့နောက် ဆွဲဆွဲငင်ငင်ဖြင့် တုန်လှုပ် ချောက်ချားစရာကောင်းသော အော်ညည်းသံကြီး ဖြစ်သွားပြန်သည်။

တစ်ဖန်ခယတောင်းပန်မှုကို ဘုရားသခင်က လက်ခံ၍ သနား ကရုဏာ ချီးမြှင့်လိုက်သည့်အလား ဖြုန်းခနဲ ငြိမ်သက်တိတ်ဆိတ်သွား၏။

ပြီးတော့ဝပ်တွားနေရာက အနားပေးလိုက်သလို ခေါင်းထောင် လိုက်ပြီး မျက်နှာကို ဖုံးအုပ်နေသော ဆံပင်ရှည်ကြီးကို ကျောဘက်သို့ ခါချလိုက်ကာ မြေကြီးထက်က အသာအယာ ထ,လာသည်။

သူတော်စင် ရုပ်ပုံကားချပ်များဘက်သို့ မျက်နှာမူပြီး လှည့်ကြည့် လိုက်သော ရပ်စ်ပြူတင်၏မျက်နှာသည် မီးအိမ်အလင်းရောင်အောက်တွင်


mgyoe.com

mgyoe.com
SAMPLE BOOK

အထူးကြည်လင် ဝင်းပနေသည်ကို တွေ့လိုက်ရ၏။

အီဗင်နှင့် ပရက်စကိုဗီယာတို့သည် မြေတိုက်ခန်းထဲက အပြစ်ခံနေသူ၏ ဆုတောင်းမြည်ကြွေးသံများကို တစ်စထက်တစ်စ နားယဉ်လာကြ၏။ သူတို့၏ နိစ္စဓူဝ အိမ်မှုကိစ္စများကိုပင် လျစ်လျူရှုကာ နေ့ရောညပါ ဂရေဂရီ၏ အပြစ်ကြွေးဆပ်သည့်အကျင့်စခန်းတွင် တာဝန်ထမ်းဆောင်ဖို့ ကြိုးစားလာမိကြတော့သည်။

'ရပ်စ်ပြူတင် ပြန်ရောက်လာပြီ' ဆိုသောသတင်းနှင့် 'အံ့မခန်း ပြောင်းလဲသွားသည်' ဆိုသောအကြောင်းက ပိုကရော့ဗ်စကိုးတစ်ရွာလုံး ပျံ့နှံ့သွားပါပြီ။ တစ်ချိန်က 'အရက်ဆိုင်တကာ လည်သောက်၊ ရန်ဖြစ်၊ မိန်းမတွေနောက် အငမ်းမရ လိုက်နေခဲ့တဲ့ လူရှုပ်လူပွေ ငတေလေက ခုတော့ သူတော်စင်ကြီး ဖြစ်နေပြီ။'

နောက်ဆုံးအသက်အကြီးဆုံး အဘိုးကြီးတစ်ယောက်က သူ့ရဲ ကောင်းလုပ်၍ ရပ်စ်ပြူတင်ကို စုံစမ်းလေ့လာဖို့ တာဝန်ယူလိုက်၏။

ရွာသားငယ်တစ်ဦးကို အဖော်ခေါ်ပြီး အီဗင်မိုနစ်ချ်တို့ အိမ်သို့ ရောက်သွားကြသည်။ အိမ်နောက်ဘက် ခြံဝင်းထဲမှ မြေတိုက်ခန်းရှိရာ အီဗင်မိုဗစ်ချ်ကိုယ်တိုင်က လိုက်ပို့သည်။

အဘိုးကြီး လှေကားထိပ်အရောက်မှာပင် နားမချမ်းသာစရာ ငိုညည်းသံရှည်ကြီး ကြားလိုက်ရပါပြီ။ အဖော်လူငယ်ကို အဝမှာ နေခိုင်းခဲ့ပြီး အဖိုးကြီးက မြေတိုက်ထဲ ဝင်ရောက် ပျောက်ကွယ်သွားသည်။ သိသိသာသာကြီးကို ကြာသွား၏။

နောက်မြေတိုက်လှေကား အမှောင်ထုထဲက အဘိုးကြီး၏ လေးလံသောခြေသံများ, တဒေါက်ဒေါက်နှင့် တုတ်ကောက်သံများ ပေါ်လာသည်။

အဖော်ကောင်လေးက အဘိုးအို၏မျက်နှာကို စိတ်အားထက်သန်စွာ အကဲခတ်လှမ်းကြည့်မိရာက အထိတ်အလန့် ဖြစ်သွားရ၏။


mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြင့်ဘာတစ်ခွန်းမျှ မမေးသာတော့ဘဲ အဘိုးအိုနောက်က ခေါင်းငိုက်စိုက်ချကာ ပါသွားရတော့သည်။

မကြာပါ။ အဘိုးအို၏ အတွေ့အကြုံရှင်းတမ်း ကြားလိုက်ရသည်။ တစ်ရွာလုံး ဟာခနဲ ဟင်ခနဲ သိမ့်သိမ့်ခါ သွားကြရ၏။

'ဂရေဂရီ ရပ်စ်ပြူတင်ဆိုတာ နှယ်နှယ်ရရ မဟုတ်ကြောင်း၊ ဘုရားလူ အစစ်ဖြစ်နေကြောင်း။ အလွန်တရာ ကြည်ညိုဖွယ်ကောင်းလှကြောင်း။'

ပြီးတော့ဂရေဂရီ၏ လှိုက်လှဲကြေကွဲမှုအတိရှိသော ဘုရားသခင်ထံဝန်ချတောင်းပန်မှုများ၊ အားရကျေနပ်စရာကောင်းသော ဓမ္မသီချင်းများနှင့် ဆုတောင်း ပတ္တနာမှုများ၊ မကြားစဖူး အကြားထူးလှသည့် စကားများကို ရွှန်းရွှန်းဝေအောင် ဖောက်သည်ချခဲ့ပြန်လေ၏။

နောက်တစ်နေ့မှာတော့ တောစီးလည်ရှည်ဖိနပ်ကြီးများနှင့် လယ်သမားကြီးများ, တပည့်လက်သားရွာသားများ, ဂါဝန်ပွကြီးများနှင့် ရောင်စုံပဝါများ ခေါင်းပေါင်းထားသော လယ်သူမများသည် အက်ဖင်အင်ဒရီဗစ်ချ် ရပ်စ်ပြူတင်၏ခြံထဲသို့ အစုလိုက်အပြုံလိုက် ရောက်သွားကြတော့သည်။

ယုံကြည်သူများသာမက သံသယရှိသူများပါမကျန် စူးစမ်းလိုစိတ်ပြင်းပြစွာနှင့် 'ဘုရားလူ'ကို ဖူးတွေ့ပြီး တရားနာရန် အပြေးချီတက်သွားကြခြင်းလည်း ဖြစ်၏။

ခြံထဲ ဝင်လိုက်မိကြသည်နှင့် ကြေကွဲဝမ်းနည်းဖွယ် ငိုချင်းရှည်ကြီးကို ထူးထူးခြားခြား ကြားလိုက်ရပြီး ခြေလှမ်းတွေ တုံ့ဆိုင်းသွားကြသည်။ မြေတိုက်ထဲ ဆင်းသင့် မဆင်းသင့် အတော်လေး စဉ်းစားချင့်ချိန်နေမိကြလေသည်။

သို့သော် -

မြေတိုက်ထဲမှ အလျှိုအလျှို ပြန်ထွက်လာသည့်အခါမှုကား


mgyoe.com

mgyoe.com SAMPLE BOOK

သဘောထားတွေ ပြောင်းကုန်ကြသည်။ မျက်နှာထားတွေ ပြောင်းလာကြသည်။ ရိုသေကျိုးနွံမှုနှင့် ခန့်ညားလေးစားမှုတွေ ဖိစီးလာခဲ့ရပါပြီ။

သူတော်စင်အသစ်သည် ရွာထဲက မိန်းမရွယ်အများနှင့် မိန်းမငယ်များအပေါ်တွင် ထူးထူးခြားခြား ဩဇာလွှမ်းမိုးနိုင်ခဲ့သည် ဆိုရမည်။

သူတို့တစ်တွေ မြေတိုက်ပေါ်သို့ ပြန်ရောက်လာတိုင်း ပါးပြင်၂ဖက်မှာ ရှက်သွေးစို့လာတာ တွေ့ရ၏။

ရပ်စ်ပြူတင်၏ တရားတွေက အများနှင့်မတူ တစ်မူခြား ဆန်းပြားလှချည့်။

"သီလစောင့်ထိန်းစရာ အထူးမလို။"

"မကောင်းမှုအပြစ်တွေကို ဆန္ဒအလျောက် လွှန်ကျူးရမည်။"

'အပြစ်ရှိမှလည်း အပြစ်ဆေးကြောရန် ဘုရားသခင်နှင့် တွေ့ခွင့်ရမည်။' ဆိုပဲ။

သည်ဝါဒအဆန်းက မိရိုးဖလာ အော်သိုဒေါ့က္စ ယုံကြည်သက်ဝင်မှုများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ လူကြီးတွေအဖို့ သူ့ကို ကယ်တင်ရှင်တစ်ဦးအဖြစ် လက်ခံရန် ခဲယဉ်းစေသည်။

ဒါပေမယ့်အဲ့ဩစရာကောင်းပုံက နေ့ချင်းညချင်းဆိုသလို ရွာသူရွာသားအများစုမှာ သူ့ဘက်ပါကုန်ခြင်းဖြစ်၏။

အထူးသဖြင့်အမျိုးသမီးတွေနှင့် ကောင်မလေးတွေက သူ၏ဩဝါဒသစ်ကို တိမ်းမူး နှစ်ခြိုက်သွားကြသည်။

သူ့မှာ ဘယ်လိုဆေးစွမ်းကောင်းများ ရှိသည် မသိ။

တစ်ရွာလုံးနီးပါး သူ့စကား နားဝင်၍ သူ့တပည့်လက်သားတွေ ဖြစ်ကုန်ကြတော့၏။

●


mgyoe.com

gyoe.com SAMPLE BOOK

## ၅-အန္တရာယ်တမန်တော်

သည်အဖြစ်ကို အောင့်သက်သက်နှင့် မခံမရပ်နိုင်ဘဲ အတိအလင်း ဆန့်ကျင်တိုက်ခိုက်လာသူတစ်ဦး ပေါ်ခဲ့ပါပြီ။

သူကတော့ ဘုရားကျောင်းတာဝန်ခံ ရွာဘုန်းကြီးဖြစ်သူ ဖာသာပီတာ ပါပေတည်း။

သူက 'သူတော်စင်အသစ်'၏ မှားယွင်းသလောက် ကြောက်စရာကောင်းသော ဩဝါဒများကို လက်မခံရန်နှင့် ဂရေဂိုရီ ရပ်စ်ပြူတင်သည် ငရဲမင်း၏စေတမန် ဖြစ်သလို၊ မာရ်နတ်၏ လှည့်စားဖြားယောင်းမှုဖြင့် လူတွေကို ဒုက္ခတွင်းထဲ ပို့နေကြောင်း၊ ၄င်း၏ အပြစ်ဆေးကြောပုံမှာ ကောက်ကျစ်စဉ်းလဲမှုတွေ အပြည့်ပါကြောင်းများဖြင့် လိုက်လံသတိပေး၏။

လူတွေက သူ့စကားကို မကြားသယောင် ကြားသယောင်။

သိသိသာသာအားဖြင့် ဘုရားကျောင်းနှစ်ပတ်လည်နေ့။

ခါတိုင်းဆိုဘုရားရှိခိုးကျောင်းရှိရာ တောင်ကုန်းလေးပေါ်မှာ လူတွေ ကြိတ်ကြိတ်တိုး စည်းကားနေကျ။

ဒီနှစ်တော့ ဖာသာပီတာ လက်မောင်းတွေ ပြုတ်ထွက်မတတ် ခေါင်းလောင်းထိုးပေးမယ့် သက်ကြီးရွယ်အို အဘိုးကြီးအဘွားကြီးတချို့နှင့် သူတောင်းစားတချို့က လွဲ၍ ပေါ်မလာကြ။


mgyoe.com

mgyoe.com SAMPLE BOOK

ရွာရှိ လူချမ်းသာတွေ၊ လယ်ပိုင်ရှင် ယာပိုင်ရှင်တွေ၊ အပျိုအရွယ်တွေအားလုံးက ဂရေဂိုရီရဲ့ ယာခင်းအိမ်မှာ စုဝေးနေကြပါသည်တဲ့။

ဖာသာပီတာ မျက်ရည်ပေါက်ပေါက် ကျတော့မလိုဖြစ်ရင်း တစ်ဖက်ကလည်း ဒေါသဖြစ်ဖြစ် စိတ်တိုတိုနှင့် ဂရေဂိုရီ မြေတွင်းအောင်းနေရာသို့ လိုက်သွားမိသည်။

'ရွာခံဘုန်းကြီး လာပြီ' ဆိုတော့ လူပရိသတ်က လမ်းဖယ်ပေးကြ၏။

ငိုညည်းသံကြီး ထွက်ပေါ်နေရာ မြေတိုက်အတွင်း ဖာသာပီတာ ခပ်တည်တည် ဆင်းချသွားသည်။

'ပွဲကြီးပွဲကောင်းပဲ။ ဘာတွေ ဖြစ်ကုန်မလဲ။' ဆိုပြီး ပရိသတ်က ရင်ခုန်စွာ စောင့်ဆိုင်းနေကြ၏။

ငိုညည်းသံကြီး ရုတ်တရက် ပျောက်သွားသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း မင်းမူသွား၏။ တစ်ခဏပဲကြာပါလိမ့်မယ်။ ငိုညည်းသံက ပြတ်တောင်းပြတ်တောင်း ပြန်ပေါ်လာ၏။ ထို့နောက်အသည်းတွေ အူတွေ ပြောင်းပြန်လန်သွားလောက်အောင် စူးရှနက်ကျောလှသော ငိုညည်းသံကြီး ကြားလိုက်ရပြန်သည်။

သည့်နောက်တော့ မြေတွင်းလှေကားအတိုင်း ဖာသာပီတာ ပြန်တက်လာတာ တွေ့လိုက်ကြရသည်။ ခြေလှမ်းတွေက တုံ့ဆိုင်းဆိုင်း။ မျက်နှာကလည်း မျက်နှာသေလေးနှင့်။ မျက်လုံးတွေက ပတ်ဝန်းကျင်ကို မကြည့်ရဲသလို ကြောင်တောင်တောင်။ နောက်ဆုံး ခပ်ကုတ်ကုတ် ခပ်သုတ်သုတ်လေး လူအုပ်ကြားကဖြတ်၍ ဘုရားရှိခိုးကျောင်းရှိရာသို့ သုတ်ခြေတင်သွားပါတော့သည်။

ကျောင်းရောက်တော့ တနုံ့နုံ့နှင့် ပြန်တွေးရင်း တက်တခေါက်ခေါက် ခံပြင်း ဒေါသထွက်နေမိရ၏။

'ဝံပုလွေအူသံကြီးလို ငိုညည်းသံကြီးက ဘုရားသခင်ကို အသနား


mgyoe.com

mgyoe.com SAMPLE BOOK

ခံ ဝန်ချတောင်းပန်တာတဲ့လား။'

သူသာမြေတိုက်ထဲမှာ ဆက်နေမိရင်တော့ တခြားလူတွေလိုပဲ စေတန်မာရ်နတ်ရဲ့သားကောင် ဖြစ်သွားမှာ သေချာရဲ့။

အော့နှလုံးနာစရာ အသံလှိုင်းကြီးအောက်မှာ မကောင်းဆိုးဝါး ဓာတ်လှိုင်းတွေမိပြီး ပြားပြားဝပ် ကျိုးသွင်းခံရမှာပဲပေါ့။

သူ အချိန်မီ ထွက်ပြေးနိုင်ခဲ့တာပဲ ကံကောင်း။

သူအရှက်ကွဲခဲ့ရတဲ့အဖြစ်ကို မျက်မြင်သက်သေတွေက ပြောချင်တာ ပြောကြပါစေတော့။

မိစ္ဆာအသံလှိုင်းရဲ့ နှောင်ဖွဲ့မှုကိုခံရင်းက အလင်းရောင်အသိဉာဏ် တစ်ချက်က လမ်းမှန်ကို ရှာပေးခဲ့တာပဲ ဖြစ်သည်။

ကျောင်းရောက်ရောက်ချင်းပင် ဘုရားကို ဝတ်ပြုဆုတောင်းပြီး ဂရေဂိုရီ အီဖင်မိုဗစ်ချ် (ရပ်စ်ပြုတင်)၏အကြောင်း အစီရင်ခံတိုင်စာ ရေးမိ၏။

ဂရေဂိုရီ ငယ်စဉ်က ဆိုးခဲ့တာခဲ့ ရှုပ်ပွေခဲ့ ထောင် ၃ ကြိမ် ကျခဲ့ပုံများ၊ မြင်းခိုးမှုဖြင့် ကြာပွတ်ရိုက် ခံရပုံများမှအစ ၇ နှစ်ခန့် ပျောက်ဆုံးသွားရာက ဘာသာရေးအရေခြုံ၍ ခီလ်စတီဂိုဏ်းဝင်အဖြစ် ပြန်ပေါ်လာကာ ဒုစရိုက်တရားတွေဟောပြီး ဝါဒဖြန့်နေပုံများအဆုံး သူ့ရှုမြင်သုံးသပ်ချက်များပါမကျန် တင်ပြလိုက်သည်။

နောက်လက်မှတ်ထိုး၍ ဧရာမစာအိတ်ကြီးထဲထည့်လျက် 'တယူမင်'က ဂိုဏ်းအုပ်ဘုန်းတော်ကြီးထံ ပို့ခဲ့တော့သည်။

မကြာမီဂိုဏ်းအုပ်ဘုန်းကြီးအိုကြီးတစ်ပါး ဦးဆောင်သော စုံစမ်းရေးကော်မရှင်အဖွဲ့ ပိုကရော့ဗ်စကိုးသို့ ရောက်လာကြ၏။

လူငယ်လူရွယ် မိန်းမငယ်တွေကို ဦးဆုံးထား၍ ရွာသူရွာသား


mgyoe.com

mgyoe.com SAMPLE BOOK

အားလုံးကို တစ်ယောက်ချင်း စစ်ဆေးမေးမြန်းသည်။

အားလုံးက 'ဂရေဂိုရီသည် ဘုရားသခင်ကို သက်ဝင်ယုံကြည်သူ သူတော်စင်တစ်ဦးဖြစ်၍ ဟောသမျှတရားတွေမှာ အစမ္မဝါဒ မပါကြောင်း။ အဖိုးတန် မြင့်မြတ်သောစကားတွေသာ ပြောပြီး အသက်သွေးသားကို အရင်းပြု၍ ဘုရားသခင်ထံ ဝန်ချတောင်းပန် ဝင်ရောက်ခံနေကြောင်းသာ' ဖွင့်ဟခဲ့ကြ၏။

ဖာသာပီတနာ ဆွေ့ဆွေ့ခုန် ဒေါသူပုန် ထသွားရပြီး၊ အသံကုန် အော်ပစ်လိုက်မိတော့သည်။

"တစ်ရွာလုံး မိစ္ဆာကျိန်စာ မိကုန်ပြီ။ သူတို့ပြောသမျှ ပြုစားခံထားရတဲ့ မုသားစကားတွေပဲ။ သားတော်၊ ခမည်းတော်၊ ဝိညာဉ်တော်ဆိုတဲ့ အမြတ် ၃ ပါးကို ပုတ်ခတ်စော်ကားတဲ့ ဒီမကောင်းဆိုးဝါးအကြောင်း သိရအောင် ထပ်စုံစမ်းသင့်တယ်။"

သို့ဖြင့် ကော်မရှင်က ဖာသာပီတာနှင့် ပုလိပ်ကို လိုက်ပို့ပြီး အပြင်မှာ စောင့်နေလိုက်သည်။

ပုလိပ် ဆင်းသွားချိန်၌ ဂရေဂိုရီက မြေကြီးပေါ်လှဲနေရင်း အသည်းအသန် ဆုတောင်းခန်း ဖွင့်နေ၏။

ပုလိပ်ကြီးခမျာလည်း ဂရေဂိုရီကိုမြင်သည်နှင့် ဘာစိတ်ပေါက်သွားသည် မသိ။ ဒူးထောက်လျက်သားလေး ဖြစ်သွား၏။

ဂရေဂိုရီက ပုလိပ်ကြီးခေါင်းပေါ် လက်ဝါးကပ်တိုင်အမှတ်အသား လုပ်၍ လက်မိုးပြီး ကောင်းချီးမင်္ဂလာ ပေး၏။

ပုလိပ်ကြီးက ဂရေဂိုရီ၏လက်ကို အငမ်းမရ ဖမ်းနမ်းရုံမျှမက "ဘုန်းတော်ကြီး ဂရေဂိုရီ၊ ဖာသာ ဂရေဂိုရီ။ ကျွန်တော့်အပြစ်တွေကို ချမ်းသာပေးပါ။" ဟုပင် မြည်တမ်းလိုက်သေး၏။

ကော်မရှင်က 'ဂရေဂိုရီအား အရေးယူနိုင်စရာ အကြောင်းမမြင်'


mgyoe.com

mgyoe.com SAMPLE BOOK
ဆိုကာ ပြန်သွားသည်။ ဖာသာပီတာ၏ ကြိုပမ်းချက်ကား သဲထဲရေသွန်။ ထို့ထက်ဆိုးသည်က ပုလိပ်ကြီး၏ ဝန်ချတောင်းပန်သံတွေက တစ်မုဟုတ်ချင်း ရွာထဲမှာ ပျံ့နှံ့သွားပြီး၊ 'ဖာသာ ဂရေဂိုရီ'ဟူသော ဘွဲ့ထူးအသစ်တွင်လာခြင်းပင်။

ဂရေဂိုရီ ရပ်စ်ပြူတင်ကား တစ်နေ့တခြား တန်ခိုးထွားလာသည်ကတော့ အမှန်။

သူ ရွာပြန်ရောက်ပြီး ၂၁ ရက်မြောက် မနက်မှာတော့-

ရပ်စ်ပြူတင်တစ်ယောက် ရွာက အမျိုးသမီးတစ်အုပ်နှင့် တောရဝင်သည့်အဆင့်သို့ ရောက်ခဲ့ပါပြီ။

တစ်ရွာလုံး ကလေးလူကြီး အဘိုးအဘွားတွေပါ ထွက်၍ ရပ်စ်ပြူတင်ကို အရိုအသေပြုကြသည်။ သူ့ခြေအစုံကို ဦးတိုက်ညွှတ်တွားရင်း သံပြိုင်ညီညာ ကြွေးကြော်ကြသည်ကတော့-

"ဖာသာ ဂရေဂိုရီ ကယ်တင်ရှင်ကြီး"

"ကယ်တင်ရှင်ကြီး ဖာသာဂရေဂိုရီ"ပါတဲ့။

ရပ်စ်ပြူတင်က-

"ကျုပ် ခင်ဗျားတို့ဆီ ခုရောက်လာတာဟာ မိခင်မြေကြီးက သင်ကြားပေးလိုက်တဲ့ ဝမ်းသာစရာသတင်းကောင်းကို တမင်ပို့ချဖို့ပဲ ဖြစ်တယ်။ အဲဒါကတော့ အပြစ်တွေလွန်ကျူးပြီး ကယ်တင်ခြင်းကို ခံယူရမယ့်တရားပါပဲ။"

တိုရှင်း လိုရင်းပြောပြီးနောက် ယောကျာ်းတွေ ဒူးထောက်ကြိုဆိုနေသည့် တူရာမြစ်ကမ်းတစ်လျှောက် လူတန်းကြီးကြားက နောက်တော်ပါ အမျိုးသမီးကြီးများ၊ မိန်းမပျိုလေးများ ဝန်းရံလျက် တစ်ချက်တစ်ချက် လှည့်ပြီး သူတို့ကို ပြုံးပြအားပေးရင်း ရွာပြင်သို့ ထွက်သွားခဲ့သည်။

ထိုမှ တောင်ပေါ် ပျောက်ကွယ်သွားခဲ့ပါပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

သည်မြင်ကွင်းကို အဝေးကလှမ်းကြည့်ရင်း ဖာသာပီတာတစ်ယောက်ကတော့ 'မကောင်းဆိုးဝါးကိုမှ ဘုရားထင်ကိုးကွယ်ခဲ့ကြသောလူတွေ ရူးကုန်ပြီလား၊ မိုးခါးရေ မသောက်မိတဲ့ သူပဲ ရူးနေပြီလား။' ဦးနှောက်ကိုက် ကျန်ခဲ့ရပါတော့သည်။

ရပ်စ်ပြူတင်ကတော့ ဌာနေကျေးလက်တွေသာမက မြို့အနှံ့ကိုပင် ခရီးလှည့်ခဲ့ပါပြီ။ 'ဆိုက်ဘေးရီးယားတမန်တော်ကြီး'အဖြစ်နှင့် ဘာသာရေးအကယ်ဒမီသိပ္ပံမှ ဖာသာဖီယိုဖန်းလို ပါမောက္ခများနှင့် တွေ့ဆုံသည်။ ရှေးဟောင်းကျမ်းစာတွေကို အနက်ပြန်ပြသည်။ ခက်ရာခက်ဆစ်ကျမ်းထွက်တွေကို ရွတ်ပြသည်။ ထူးဆန်းသောတရားတွေ ဟောသည်။ အားလုံးငိုင်ကျကုန်ရသည်။

"လူတွေဟာ ကိုယ့်အပြစ်ကို ဖုံးကွယ်ပြီး အပြစ်မလုပ်ရဲဘဲအောင့်ထားရာက ဆုတောင်းဝတ်ပြုမှုတွေ လုပ်ရုံသက်သက်နှင့် ဘုရားနှင့်တွေ့ဖို့ ကြိုးစားတာဟာ မှားတယ်။ အပြစ်တွေ ထုတ်ဖော်ကျူးလွန်တာကအပြစ်ကင်းစင်ပြီး ဘုရားနှင့် တကယ်တွေ့နိုင်မှာပဲ။ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ကျမ်းစာပါအယူအဆတွေကို ပစ်ပယ်လိုက်ပါ။ ဒါမှ လမ်းမှန်ကမ်းမှန်ကို ရောက်မယ်။"

သူ့စကားတွေက ကြက်သီးထစရာကောင်းသလို ကြားရသူများကို တွေဝေသွားစေတာတော့ ဘယ်သူမှ မငြင်းနိုင်။

ဖာသာဖီယိုဖန်းမှတစ်ဆင့် ဆာရာတော့ဗ်မှာ သာသနာပိုင်ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဟာမိုဂန်၊ ဆာရက်ဆင်မှ နာမည်ကျော်တရားဟော ဘုန်းကြီးအီလီယော့ဒါတို့နှင့်လည်း တွေ့ဆုံရသည်။

သူတို့တွေလည်း ရပ်စ်ပြူတင်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရာကဦးနှောက်တွေလည်ပြီး ရူးကြောင်မူးကြောင် ကြောင်တောင်တောင်တွေ ဖြစ်ကုန်ကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'သူမှန်သလား၊ တို့ မှန်သလား။

တို့ မှားသလား၊ သူ မှားသလား။' မဝေခွဲနိုင်ကြ။

တစ်ခုတော့ ရှိသည်။

ရပ်စ်ပြူတင်နှင့်တွေ့ချိန်၌ သူတို့ မနှစ်မြို့ပေမယ့် ဖွင့်မပြောနိုင်ကြသလို၊ အယူဝါဒအသုံးအနှုန်းတွေကို မကြိုက်သော်လည်း မငြင်းဘဲနေမိကြခြင်းပင် ဖြစ်၏။

ဘာပဲဖြစ်ဖြစ်ရပ်စ်ပြူတင်သည် တစ်ခုခု 'စွမ်း'နေတာတော့ သေချာသည်။

နောက်ဆုံးတော့ ဆိုက်ဘေးရီးယားက တောသားလူရိုင်းကြီးအား သာသနာပြုပုဂ္ဂိုလ်အဖြစ် လက်ခံသင့်မခံသင့် စည်းဝေးကြရသည်။

စင်စစ်အားဖြင့်ထိုအစည်းအဝေးမှာ ဘာသာရေးခေါင်းဆောင်တွေသာမက နိုင်ငံရေး, ဥပဒေရေး ကျွမ်းကျင်သူတွေပါ ပါဝင်၍၊ စစ်မှန်သောရုရှားပြည်သူများအဖွဲ့ကြီး၏ ဗဟိုကော်မတီလည်း ဖြစ်၏။

ဖာသာ အီလီယောဒါနှင့် ရှေ့နေတစ်ဦးအပါအဝင် လူအချို့က ဂရေဂိုရီ ရပ်စ်ပြူတင်၏ ဖောက်ပြန်မှားယွင်းသော လုပ်ရပ်များနှင့် အန္တရာယ်ကြီးမားပုံကို ထောက်ပြကြသည်။

သည်ကြားထဲက ဖာသာဖီယိုဖန်းနှင့် ဂိုဏ်းအုပ်ဘုန်းတော်ကြီးဟာမိုဂန်တို့က ဇာကိုစယ်လိုနန်းတော်ရှိရာ စိန့်ပီတာစဘတ်မြို့တော်သို့ တမန်တော်အဖြစ် စေလွှတ်ဖို့ ဆုံးဖြတ်ချက် ပေးခဲ့ကြ၏။

အမှန်မှာ ဂိုဏ်းအုပ်ကြီး ဟာမိုဂန်အနေဖြင့် ပြည်တွင်းရေးအခြေအနေများအပေါ် မူတည်၍ သူ့အကြံနှင့်သူ ခုလို အကွက်ချခဲ့ခြင်း ဖြစ်ပါသည်။

ဖာသာ အီလီယော့ဒါကတော့ နည်းနည်းမှ သဘောမတူ၊ လုံးဝမကျေမနပ်နှင့်သာ။

●


mgyoe.com

mgyoe.com SAMPLE BOOK

## ၆-ဇာကိုစယ်လိုနန်းတော်က သမိုင်းဝင်ဖြစ်စဉ်များ

ဇာဘုရင် ဒုတိယနီကိုလိုင်နှင့် မိဖုရား အဲလစ်တို့သည် ထိမ်းမြား လက်ထပ်ခဲ့ချိန်က ၂၇ နှစ်သားနှင့် ၂၃ နှစ်သမီး အရွယ်သာ ရှိကြသေး၏။ ဗြိတိသျှ ဝိတိုရိယဘုရင်မကြီး၏ မြေး တော်သလို ဂျာမန်မင်းသမီး လေးဖြစ်ခဲ့သော အလက်ဇန္ဒြား (အဲလစ်) ဖီယိုဒိုရော့ဗနားသည် ကပြားပီပီ ချစ်စရာလှပသူ ဆိုလည်း မမှား။

ဘုရင်နီကိုလိုင်က သူ့ဖိဖုရားအဲလစ်အား ချစ်စနိုးဖြင့် 'နေခြည်' ဟု ခေါ်လေ့ရှိသည်။ နှစ်ကိုယ်ချင်း ဆက်သွယ်ရာတွင်လည်း 'နေခြည်' ဆိုသော အမည်မှလွဲ၍ တခြားနာမည်ကို မသုံးပါ။

ဇာဘုရင်သည် တိုင်းရေးပြည်ရာကိစ္စများ စီမံခန့်ခွဲပြီးသည်နှင့် မိဖုရားကြီးရှိရာ နန်းတော်သို့သာ အူယားဖားယား ပြန်ပြေးတတ်၏။

သူ့အဖို့ တိုင်းရေးပြည်ရေးကို မလွှဲမရှောင်သာ ထမ်းဆောင်နေ ရလင့်ကစား သူ့စိတ်က မိဖုရားကြီးနှင့် မိသားစုများထံ အချိန်ပြည့် ရောက် နေသည် ဆိုရမည်။

မိဖုရားအနေနှင့်လည်း ကြင်ရာတော်နှင့်ခွဲ၍ နာရီပိုင်းမျှပင် မနေ


mgyoe.com

mgyoe.com SAMPLE BOOK

နိုင်။ အရေးကိစ္စရှိ၍ ပြင်ပသို့ ထွက်သွားပြန်လျှင်လည်း မလာမချင်း တမျှော်မျှော်နှင့် စောင့်နေစမြဲ။ ခရမ်းရောင်နန်းဆောင်ထဲက ဆိုဖာရှည်ပေါ်တွင် လဲလျောင်းစာဖတ်၍ ဖြစ်စေ၊ လက်သွယ်သွယ်လေးဖြင့် စာရေး၍ ဖြစ်စေ၊ ဇာပန်းထိုး၍ ဖြစ်စေ၊ ရုံရွှေတော် အန်နာရူဘောဇာမင်းသမီးနှင့် စကားစမြည်ပြော၍ ဖြစ်စေ စောင့်နေခြင်းသာ ဖြစ်ပါသည်။

မိဖုရားက သူ့ဧည့်သည်တွေနှင့် တွေ့နေချိန်ကျတော့လည်း ငှက်မြည်သံလို လေချွန်၍ ဇာဘုရင်က ဘေးခန်းကလှမ်းခေါ်ပါလိမ့်မည်။ ထိုအခါ မိဖုရားမျက်နှာမှာ ပန်းဆီရောင် ရှက်သွေးစို့သွားရာက ကပျာကသီထ၍ ဧည့်သည်များကို ခွင့်ပန်ပြီး လေချွန်ရာအခန်းသို့ အပြေးလေး ကြွလှမ်းသွားပါလိမ့်မည်။

သည်သို့သည်နှယ် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် အချစ်ကြီးချစ်ခဲ့ အပျော်ကြီးပျော်ခဲ့ကြသော မင်းနှင့် မိဖုရား။

ထိုအချက်ကို ဘုရင်လေး၏ဒိုင်ယာရီက သက်သေပြနေပါ၏။

"ရွှေမင်းသမီးလေးနှင့် အချိန်ပြည့် နေချင်ပါတယ် ဆိုတဲ့နေ့ကျမှ အလုပ်တွေကလည်း ရှုပ်လိုက်တာ။"

"ဒီညနေ အစီရင်ခံစာတွေ ဖတ်ရမယ်ဆိုတဲ့ကြားက ဥယျာဉ်တော်ထဲကို အဲလစ်နှင့် ဆင်းလျှောက်မိတယ်။ ပျော်လိုက်တာ။ ဩော်– တို့ဟာ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေသလို တစ်ယောက်မရှိရင် တစ်ယောက်က မနေတတ်တော့ပါလား"

"ဒီနေ့တော့ အတော်လေး လွတ်လွတ်လပ်လပ် ရှိပါရဲ့။ အဲလစ်နှင့် အတူ လှပတဲ့နန်းတော်ထဲမှာ နှစ်ယောက်တည်း ညစာစားရတာ ဘယ်အရသာနှင့်မှ မတူပါလား။"

မိဖုရားလေးက အင်္ဂလိပ်ဘာသာဖြင့် အောက်ကမှ ဖြည့်ရေးထားတာ တွေ့ရပုံမှာ –

mgyoe.com SAMPLE BOOK

''ဒါကြောင့်လည်း ချစ်ဇနီးလေးက အရှင့်ကို မြတ်နိုးကြည်ညို နေရတာပေါ့ရှင်။''တဲ့။

''တို့နှစ်ယောက်တည်း ကမ္ဘာပေါ်မှာ အပျော်ဆုံး၊ မကုန်ဆုံးနိုင်တဲ့ အချစ်များနှင့် အချစ်ဆုံး။ 'မင်းကို ငါ ချစ်တယ်'ဆိုတဲ့ အလှပဆုံး စကား လုံးလေးတွေနှင့် ငါ အသက်ရှင်နေရတာပဲ။''

''အဲလစ်နှင့်သာဆိုရင် ဘယ်ဘဝရောက်ရောက် ပျော်နေမှာပါ ကွာ။''

သည်လိုနှင့် ဇာဘုရင် ဇနီးမောင်နှံ၌ 'အော်လ်ဂါ'နှင့် 'တာရှီယန် နာ' ဆိုသော သမီးတော်၂ပါး ဖွားမြင်ခဲ့တော့သည်။

နောက်သားသမီး ထပ်မရတော့ဘူး ထင်ခဲ့ရာက ၁၉၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့၌ သားကလေးတစ်ယောက် ဖွားမြင်ခဲ့ပြန်၏။

'အလက်ဇီ'ဟု ကင်ပွန်းတပ်ခဲ့သည်။ ဇာဘုရင်က သူ့သားတော် ကို 'ဘုရားပေးတဲ့သား', 'တစ်ဦးတည်းသော ရတနာလေး' ဟု ချစ်စနိုး ခေါ်၏။

သားတော်လေးမွေးပြီးချိန်အထိ ဇာဘုရင်မိသားစုမှ ပျော်ရွှင်ကံ ကောင်းခြင်းများ ရခဲ့သည် ဆိုရပေမည်။

နန်းတော်တွင် မွေ့လျော်စံမြန်းနေရင်းမှ ၁နှစ် ၂ကြိမ်ဆိုသလို အပန်းဖြေခရီး ထွက်လေ့ရှိကြသေး၏။

ဆောင်းဦးပေါက်ကာလ၌ မိသားစုလိုက် ကရိုင်းမီးယားသို့ သွား ၍ လီဗက်ဒီယာရှိ နှင်းဆီပန်းခင်းကြားက စံအိမ်တော်တွင် ရက်သတ္တပတ် အနည်းငယ် နေကြခြင်းဖြစ်၏။

အဝေးက ပင်လယ်လှိုင်းပြာပြာနှင့် ဆီးနှင်းဖြူများဖုံးနေသော တောင်ထွတ်တောင်တန်းများ၏ အလှကို ခံစားသလို၊ တစ်နေကုန် တော လည်ထွက်တတ်ကြသည်။

နွေအချိန် ဖင်လန်ပင်လယ်ကွေ့ကို ရွက်လှေဖြင့်ဖြတ်၍ ကျောက်


mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်ထူထပ်လှသော ဖင်းနစ်ရှ်ကျွန်းများသို့ သွားနေရခြင်းမှာလည်း ကြည်နူးစရာ အရသာတစ်မျိုးပါပေတည်း။

လှေလှော်လိုက်၊ ရေကူးလိုက်၊ ပျော်ပွဲစားထွက်လိုက်၊ ကျောက်တောင်တွေပေါ် တက်လိုက်ဖြင့် မိသားစုများနှင့် နန်းတွင်းသားများအဖို့ လောကစည်းစိမ်ကို ခံစားလို့ မဆုံးနိုင်ကြတော့။

သို့ပေမယ့် ပျော်နေကြသူတွေထဲတွင် နန်းညွန့်နန်းလျာ 'အလက်ရှား' မင်းသားလေး မပါပါ။

မင်းသားငယ်လေးမှာ ၄-၅-၆ နှစ် အရွယ်ရောက်လာရာမှ ဆံပင်နီနီကောက်ကောက်လေးနှင့် တသွေးတမွေး ချစ်စရာကောင်းနေလင့် ကစားကုမရသော ဝေဒနာတစ်ရပ် စွဲကပ်ပါလာသည်။

ထိုဝေဒနာကတော့ တစ်စုံတစ်ရာထိခိုက်မိ၍ သွေးထွက်သွားလျှင် ဘယ်လိုမှ သွေးမတိတ်နိုင်တော့ဘဲ သွေးယိုစီး၍ အသက်ပါဆုံးရှုံးလောက်အောင် ဆိုးဝါးလှခြင်းပင် ဖြစ်၏။

ထိုရောဂါမှာ မိခင်မျိုးရိုးကိုလိုက်၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ မိဖုရား၏ ဦးလေးတော်များနှင့် မောင်တော်တစ်ဦးမှာ အသက်ဆုံးပါးခဲ့ရပါလေပြီ။ ရောဂါဆန်းက အမျိုးသားတွေမှာ ဖြစ်ပွားတတ်ကာ မိန်းမသားဖြစ်သော မိဖုရားတွင် ကင်းလွတ်ခဲ့ပြီး၊ သားတော်လေးကျမှ ပြန်ပေါ်လာခြင်းပင်။

ထို့အတွက် ဘုရင်နှင့် မိဖုရားသည် သားတော်လေးအား ပိုးမွေးသလို မွေးခဲ့ကြရသလို တစ်နန်းတော်လုံးကလည်း အရိပ်တကြည့်ကြည့် မျက်ခြည်အပြတ်မခံရဲဘဲ အခြားကလေးများနည်းတူ မဆော့မကစားရအောင် အမျိုးမျိုး ချော့မော့ဖြားယောင်း ထားခဲ့ကြရသည်

သည်ကြားထဲမှ -

"သား စက်ဘီးစီးချင်တယ် မေမေ။" ဟု ပူဆာ၏။

"အလက်ရှားရယ် စက်ဘီးစီးတာ ငါ့သားအတွက် ဘယ်လောက်အန္တရာယ်များသလဲဆိုတာလည်း သိသားနှင့်။ မစီးချင်ပါနှင့်ကွယ်။"


mgyoe.com

mgyoe.com
SAMPLE BOOK

မိဖုရားကြီးက အာရုံပြောင်းဖို့ ကြိုးစားသည်။

"ဟာ မမတွေတောင် စီးကြသေးတာပဲ။ သားလည်း စီးချင်တာပေါ့။"

"အို မင်းကို အကြမ်းပတမ်း လှုပ်ရှားကစားခွင့် မပေးနိုင်ဘူး အလက်ရှား။"

မိဖုရားကြီးက ခပ်ထန်ထန်လေး မာန်မဲလိုက်ပြန်တော့ အလက်ရှား မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ငိုပွဲဆင်တော့သည်။

ပြီးဒေါ်နှင့်မောနှင့် ခြေဆောင့်ထွက်သွားရာက ခလုတ်တိုက်မိပြီး သွေးတွေထွက်လာသည်။

သွေးတွေတိတ်အောင် ဘယ်လိုမှ လုပ်မရတော့။

နန်းတွင်းသမားတော်ကြီးတွေ၊ အထူးကုပါရဂူကြီးတွေ အစွမ်းကုန်ကုသနေလျက်က သွေးလွန်ပြီး မေ့မြောမတတ်။

ဘုရင်နှင့် မိဖုရားမှာ လက်ပိုက်ကြည့်ရုံမှအပ ဘာမျှမတတ်နိုင်။

နန်းတော်တွင်း ဘုရားရှိခိုးဆောင်၌ စုပေါင်း၍ ဝတ်ပြုဆုတောင်းကြသည်။

တိုက်တိုက်ဆိုင်ဆိုင် ကံအားလျော်စွာပင် သေလုမျောပါးဘဝက မင်းသားလေး အသက်ချမ်းသာရာ ရသွား၏။

ဘုရင့်မိသားစုမှာ သားတော်လေးနှင့်ပတ်သက်၍ ကြမ္မာငင်ပြိုဟ်ဝင်ခဲ့ရသည်ထက် နန်းတော်အပြင်ဘက်မှ အခြေအနေတွေက ပိုဆိုးသေးသည်။

ဇာဘုရင်သည် တိုင်းပြည်ပျက်ချိန်မှာမှ မင်းတက်ဖြစ်သည်ဟု ဆိုရမလို။

သူ မတက်ခင်ကပင် ရုရှားပြည်ကြီးမှာ ကသောင်းကနင်း ကမောက်မက အဖြစ်ဆိုးတွေ ကြုံနေရလေပြီ။

နီကိုလိုင် ငယ်စဉ်က သူ့အဘိုးဖြစ်သူ ဇာဘုရင် ဒုတိယ အလက်


mgyoe.com

mgyoe.com SAMPLE BOOK
ဇနွားမှာ သူပုန်တို့၏ ဗုံးထောင်မှုကြောင့် အပိုင်းပိုင်းပြတ်၍ ကံကုန်ခဲ့ရသည်။

နီကိုလိုင်၏ဖခင် ဘုရင်ဖြစ်လာသလို သူကိုယ်တိုင် အိမ်ရှေ့မင်းသားဘဝ ရောက်ခဲ့ရ၏။ နောက် ဖခင်ဘုရင်ကြီး နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားသည်။

ဘုရင်လောင်းလျာနှင့် မိဖုရားအသစ်စက်စက်ကလေးတို့မှာ အလက်ဇနွားဘုရင်ကြီး၏အလောင်းတော်နှင့် ရုရှားပြည်အနှံ့လှည့်လည်ပြီး ဝတ်ပြုဆုတောင်းပွဲတွေ လုပ်ရသည်။

ဂျာန်သွေးပါသော မိဖုရားကို ပြည်သူတွေက မကြည်ဖြူကြ။ အထူးသဖြင့် ကွယ်လွန်သူဘုရင်ကြီး၏ မိဖုရားကြီးက မျက်မုန်းကျိုးခဲ့သည်။

အဲလစ်စ်မင်းသမီးက ခုလို ရင်ဖွင့်ဖူး၏။

"အဲဒီတုန်းက ကျွန်မကို လူတွေက တစိမ်းလို ဆက်ဆံခဲ့ကြသလို၊ ကျွန်မဘဝဟာ အထီးကျန်နိုင်သလောက် စိတ်ဓာတ်တွေ ကျနေခဲ့ရပါတယ်။ မှတ်မှတ်ရရ သူတောင်းစားတစ်ယောက်ကို ပိုက်ဆံထည့်လိုက်တုန်းကသာ ပထမဆုံး ပြန်ပြုံးပြတာ ခံရဖူးတယ်။"

ကြမ္မာဆိုးတွေ၏အစ ဇာဘုရင့်နန်းတက်ပွဲပဲ ဆိုပါတော့။

ထိုစဉ်က နန်းတက်ပွဲကို မော်စကိုတွင် လုပ်ခဲ့သည်။

ရှေးထုံးစံအတိုင်း အများပြည်သူများအတွက် ပျော်ပွဲရွှင်ပွဲကြီးကို မော်စကိုမြို့စွန်ရှိ ခိုဒင်စကီးကွင်းပြင်ကြီး၌ ကျင်းပပေးခဲ့သည်။

ကြုံတောင့်ကြုံခဲလှသော စတုဒီသာပွဲတော်ကြီးသို့ ရုရှားနိုင်ငံတစ်ဝှမ်းလုံးလုံး ရပ်နီးရပ်ဝေးမှ 'ဇာဘုရင်ဧည့်သည်တော်များ' အဖြစ် ထောင်ပေါင်းသောင်းပေါင်းချီ၍ တက်ရောက်လာကြ၏။

ခြိမ့်ခြိမ့်သဲသဲမင်္ဂလာပွဲကြီးသည် မမျှော်လင့်ဘဲ အ,မင်္ဂလာငရဲခန်းကြီး ဖြစ်သွားရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ရပုံက ကွင်းပြင်ကြီးကို တပြေးညီ ချဲ့ထွင်သောအားဖြင့် ဧရာမကျင်းကြီးများကို ပျဉ်ချပ်ကြီးများဖုံး၍ မြေဖို့ထားရာမှ ဒသဆမတန် များပြားလှသော လူအုပ်ကြီး၏အလေးဒဏ်ကို မခံနိုင်ဘဲ ကျိုးကျသဖြင့် လူထောင်ပေါင်းများစွာ ကျင်းထဲ ကျကုန်ကြခြင်းပင်။

လူတွေက ရုတ်ရုတ်သဲသဲ အလုအယက် အသက်လုပြီး တိုးဝှေ့တက်ကြရာမှ သူနင်းကိုယ်နင်း အချင်းချင်းနင်းမိကြသလို ကြောက်အားလန့်အား ပြေးရင်းလွှားရင်း တွန်းတိုက်လဲပြိုကြကာ လူ ၃၀၀၀ ခန့် ထိခိုက်သေကျေ ဒဏ်ရာရခဲ့ကြရသည်။

စင်စစ်တော့ အစီအမံညံ့ဖျင်းသော တာဝန်ခံအရာရှိများ၏ အပြစ်သာဖြစ်ပါလျက်၊ ဘုရင်သစ်လေးခမျာ အချောင် နာမည်ပျက်ရ၏။

ထို့ပြင်ဘုရင်လေးကယင်းအဖြစ်ဆိုးကို မကြားလိုမမြင်လို မျက်ကွယ်ပြုလျက် နန်းတော်တွင်း၌ ကပွဲကြီး ဟန်မပျက်ကျင်းပနေခဲ့ခြင်းကြောင့် ပြည်သူများက 'အကြင်နာမဲ့သူ' အဖြစ် ရှုံ့ရှာမုန်းတီးသွားကြပြန်သည်။

ထို့နောက် ရက်အနည်းငယ်သာ ခြားမည်။

ဘုရင်သစ်အဖို့ အရှက်တကွဲအကျိုးနည်းအောင် ကံဆိုးမိုးမှောင်ကျခဲ့ပြန်သည်။

ကီးယက်ဖ်၌ ကျင်းပသော ပျော်ရွှင်ပွဲတော်တွင် မြစ်ထဲမှ အလှပြသင်္ဘောနစ်မြုပ်ပြီး၊ လူ၃၀၀အနက်မှ လူတချို့ကိုသာ ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်၏။

ဤအဖြစ်ဆိုးမှာ ဘုရင်နီကိုလိုင်၏ မျက်စိအောက်မှာပင် ဖြစ်ပျက်ခဲ့ရာမှ သူ့ခမျာ သွေးပျက်မတတ် ချောက်ချားခဲ့ရပြန်သည်။

ဇာဘုရင်အဖို့ ကြမ္မာဆိုးတွေကို ရင်ဆိုင်ရန် သတ္တိမရှိခဲ့သလို လမ်းလွှဲ ရှောင်ပြေးခဲ့ပြန်တော့လည်း ချောက်ကျ၍ နွံအိုင် သို့မဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

သွေးအိုင်ထဲ နစ်ခဲ့ရသလို ကြုံရရှာ၏။

ဘာအစွဲမျှမရှိသော ပညာရှင်များက 'ဘုရင်လေးခမျာ စိတ်ရင်း စေတနာကောင်းပါလျက် ကံမကောင်း၍ အကြောင်းမလှ ဖြစ်ရသည်။' ဟု သုံးသပ်ခဲ့ကြသည်။

ဘုရင်နီကိုလိုင်လက်ထက် ရုရှားနိုင်ငံကြီး၏ သရုပ်မှန်ကို ပေါ်လွင် အောင် ခြယ်မှုန်းပြခဲ့သည်က စာရေးဆရာကြီး လီယိုတော်စတွိုင်း သေအံ့ ဆဲဆဲ ၁၉၀၂ ခုနှစ်၌ ဇကရာဇ်မင်းမြတ်ထံ တိုက်ရိုက်ရေးပို့ခဲ့သော စာ တစ်စောင်ပင် ဖြစ်၏။

'ကျွန်ုပ်အနေဖြင့် ယခု လောလောဆယ် အရှင်မင်းမြတ် လုပ်သင့် လုပ်ထိုက်တာတွေကို တင်ပြမသွားရဘဲနှင့် မသေလိုပါ။'

'ကျွန်ုပ်၏အမြင်အရ အချိန်မီ ပြုပြင်နိုင်လျှင် သန်းပေါင်းများစွာ သော လူသားများနှင့် အရှင့်ကိုယ်တိုင်အတွက် အကျိုးရှိပါလိမ့်မည်။ ယခု အတိုင်း ဆက်သွားလျှင်ကား အဘယ်မျှ အန္တရာယ်ကြီးမည်ဆိုသည်ကို မခန့်မှန်းနိုင်ပါ။'

'ရုရှားနိုင်ငံကြီး၏ ၃ပုံ၁ပုံသည် အများပြောနေကျ စကားအရ လုံခြုံရေး အမြင့်ဆုံးယူထားသော သဘော၊ သို့မဟုတ် အကြွင်းမဲ့ ပဒေ သရာဇ် အာဏာရှင်စနစ်ကို ကျင့်သုံးနေသည့် အခြေအနေဆိုက်နေပါပြီ။'

'လျှို့ဝှက်ပုလိပ်အဖွဲ့နှင့် လူထုပုလိပ်အဖွဲ့မှာ တစ်နေ့တခြား အင်အား များပြားလာနေသကဲ့သို့ အကျဉ်းထောင်များ၊ နယ်နှင်ဒဏ်ခံရ သူတို့၏ စခန်းများ၊ ဆိုက်ဘေးရီးယားရှိ စိတ်ဓာတ်ပြုပြင်ရေးစခန်းများ၌ သာမန် ရာဇဝတ်သားများသာမက နိုင်ငံရေးအကျဉ်းသမားများနှင့် အလုပ် သမားများမှာ ထောင်ပေါင်းရာချီလျက် ဖမ်းဆီးချုပ်နှောင် ခံထားရပါသည်။'

'နေရာတကာ ချုပ်ချယ်ကန့်သတ်မှုများကလည်း ၁၂၄၀ ပြည့်နှစ် ကထက်ပင် ဆိုးဝါးလျက် ရှိပါသည်။'


mgyoe.com

mgyoe.com SAMPLE BOOK

'ဘာသာရေးဆိုင်ရာ အပြစ်ပေးအရေးယူခြင်း အားပျော့လှမှုနှင့် ရက်စက်ကြမ်းကြုတ်လှမှုသည်မှာလည်း ယနေ့မျက်မှောက်ထက် ဘယ်ခေတ်မှာမှ မကြုံစဖူးပါ။'

'မြို့များနှင့် စက်မှုဇုန်များရှိ လုပ်သားပြည်သူများ မငြိမ်မသက်ဖြစ်တိုင်း လက်နက်ကိုင်တပ်ဖွဲ့များဖြင့် အကြမ်းဖက် နှိမ်နင်းသည်မှာလည်း မြင်မကောင်းရှုမကောင်းပင် ဖြစ်ပါသည်။'

'ရုရှားနိုင်ငံ၏ အဓိက အရင်းအမြစ်အင်အားဖြစ်သော ပြည်သူများ တစ်စထက်တစ်စ ဆင်းရဲမွဲတေလာသလို ငတ်မွတ်ခေါင်းပါးမှုက ပိုမိုကြီးထွားကျိုင်းလာကာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပျံ့နှံ့နေပါပြီ။'

ဇာဘုရင် နီကိုလိုင်သည် ငြိမ်းချမ်းရေးဖော်ဆောင်သူအဖြစ် သမိုင်းတွင်လိုသူ ဖြစ်သည် ဆိုလင့်ကစား၊ သူ၏ နိုင်ငံရေး မကျွမ်းကျင် အုပ်ချုပ်မှုမနိုင်မနင်း မပြတ်မသားတွေဝေမှုများက စစ်ကြီး၂ခုဆီသို့ တွန်းပို့လိုက်၏။

ရုရှား-ဂျပန်စစ်၊ ရုရှား-ဂျာမန်စစ် (ပထမကမ္ဘာစစ်ကြီး)တို့ပေတည်း။

အမှန်တော့ ရုရှား ဂျပန်စစ်မှာ တိုင်းပြည်အကျပ်အတည်းကို ထွက်ပေါက်ရှာလမ်းလွှဲရန် စစ်သွေးကြွများ ဖန်တီးရာသို့ ဇာဘုရင် ရောယောင်ပါခဲ့ခြင်းဖြစ်၏။

ရလဒ်ကတော့ မန်ချူးရီးယားစစ်မြေပြင်၌ အတော်ဆုံး ရုရှားတပ်မတော်သားများ သွေးမြေကျခဲ့ရပြီး၊ ဆူရှီးမားတွင် ရေတပ်စစ်သင်္ဘောအားလုံးနီးပါး ချေမှုန်းခံခဲ့ရခြင်းပင်။

ပြည်ပရန် မအေးမီ ပြည်တွင်းဆူပူသောင်းကျန်းမှုများက တစ်စခန်းထ,လာပြန်သည်။

စစ်ဘေးစစ်ဒဏ်ကြောင့် စားသောက်ကုန်တွေ ရှားပါးပြတ်လပ်ပြီး၊ ဈေးကြီးပေးမဝယ်နိုင်သူ ဆင်းရဲသားအများစုမှာ အငတ်ဘေးရင်ဆိုင်


mgyoe.com

mgyoe.com SAMPLE BOOK

ရတော့သည်။

ဤတွင် ဘုန်းတော်ကြီးဂါပွန် ဦးဆောင်သော အလုပ်သမားထုက ဆောင်းရာသီစံနန်းတော်ရှေ့သို့ 'အငတ်ပြဿနာ ဖြေရှင်းပေးပါရန်' စုရုံး အသနားခံလာကြ၏။

လူထုက ဇာဘုရင်ရုပ်ပုံများ ကိုင်ဆောင်၍ အေးချမ်းစွာ ဆန္ဒပြခဲ့ပါသော်လည်း၊ လက်နက်ကိုင်များက သွေးလန့်ပြီး သေနတ်ဖြင့် ပစ်ခဲ့ရာမှ ရာချီ၍ သေဆုံးခဲ့ရပြန်သည်။

ဘုရင်အပေါ် နာကြည်းမုန်းတီးမှုတွေ ပိုပွားလာသလို၊ ပုန်ကန်ထ,ကြွမှုတွေ, လုပ်ကြံသတ်ဖြတ်မှုတွေ နေရာအနှံ့ ပေါ်ပေါက်လာတော့သည်။

ဘုရင့်မိသားစုမှာလည်း ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသည့်တိုင်အောင်၊ ပြင်ပလောကကို တမင် မေ့ပျောက်သောအားဖြင့် ဘိလိယက်ထိုးမပျက် အကမပျက် လုပ်နေမိကြ၏။ တစ်ဖက်ကလည်း ဘုရားဆုတောင်းပွဲများ အဆက်မပြတ် ကျင်းပလိုက်သေး၏။ သည်ကြားထဲ နာမည်ကြီးဗေဒင်ဆရာများ, မှော်ဆရာများကို အားကိုးပြု၍ အစီအရင်မျိုးစုံဖြင့် အကာအကွယ် ယူလိုက်ကြသေးသည်။

ထိုသို့သော နောက်ခံအခြေအနေတွင် ရပ်စ်ပြူတင်တစ်ယောက် ဇာကိုစယ်လိုနန်းတော်သို့ ကယ်တင်ရှင်ကြီးအဖြစ် ဘွားခနဲ ရောက်လာခြင်းသာ ဖြစ်ပါတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK 

## ၇–ရပ်စ်ပြူတင် ရောက်လာပြီ

ဖြစ်ပုံက–

အိမ်ရှေ့မင်းသားလောင်းလျာ သားတော်လေး အလက်ရှားသည် သူ့အထိန်းတော်ကြီး၏ သားငယ်နှင့်အတူ ဥယျာဉ်တော်အတွင်း ဆော့ကစားနေရာက ကုန်းမြင့်တစ်နေရာမှ အမှတ်မထင် ခုန်ချလိုက်သည်။

မြေပြင်ပေါ်သို့ ခပ်ကြမ်းကြမ်းလေး ဆောင့်ကျသွားသလို၊ ပက်လက်လန်သွားသည့်နောက် ပြန်မထနိုင်တော့။

တစ်ပြိုင်နက်အတွင်း သွေးဆုတ်ဖြူရော်သွားပြီး အသေကောင်နှင့်မခြား သတိလစ် ပျော့ခွေနေသည်။

အထိန်းတော်ကြီး ဒီရက်ဗင်ကိုက ပွေ့ချီကာ နန်းတော်ထဲသို့ ပြေးဝင်လာသည်ကို တွေ့လိုက်ရသော မိဖုရားကြီးမှာလည်း အလန့်တကြားနှင့် မေ့လဲသွားရှာ၏။

သတိပြန်လည်လာတော့လည်း သားတော်လေးဘေးတွင် စိုးရိမ်သောကတွေပွားလျက် နေ့ရောညပါ ငုတ်တုတ်။ မပစ်ရက်စရာ သားတော်လေးမျက်နှာကိုသာ ငေးကြည့်ရင်း မျက်ရည်စက်လက်။


mgyoe.com

mgyoe.com SAMPLE BOOK

သားတော်လေး၏တစ်ကိုယ်လုံးမှာ ပြာညိုရောင် အလျှိုးရာကြီးတွေ ထင်းလျက် ကိုယ်တွင်းသွေးလျှံမှုတွေ ဖြစ်နေကြောင်း ပြနေ၏။

တစ်ချက်တစ်ချက် သတိလည်လာကလည်း တညည်းညည်း တညူညူနှင့် ဝေဒနာခံစားရတာ တွေ့ရပြန်သည်။

နန်းတွင်းသမားတော်ကြီးတွေသာမက မြို့တော်က အကျော်အမော် ဆရာဝန်ကြီးများပါ အပြေးအလွှား လာကြည့်ကြသည်။ ဒါပေမယ့် သူတို့လည်း ဘာမျှမတတ်နိုင် လက်မှိုင်ချလိုက်ရသည်။

ဘုရင့်လက်စွဲတော် တိဘက် လောကီပညာရှင် ဗိန္ဓောဆရာကြီး 'ဘက်မေးယက်ဖ်'လည်း ဒီတစ်ပွဲတော့ မကယ်သာ။

နောက်ဆုံး ဘုရားမှတစ်ပါး အားကိုးရာမရှိသည့် အခြေအနေ။

မိဖုရားကြီးခမျာ ထပ်တလဲလဲ ဘုရားဝတ်ပြု ဆုတောင်းနေမိဆဲ။

သားတော်လေးက သတိတစ်ချက် ပြန်လည်လာခိုက် ဖခင်ဘုရင်ကြီးလက်ကို ဖမ်းဆုပ်လျက်။

"ဖေဖေ ကျွန်တော်သေရင်လေ ဥယျာဉ်တော်ထဲမှာ သွားမြှုပ်ပေးပါနော်"

ကယောင်ကတမ်း ပြောသည်။

ဘုရင်ကြီးလည်း မကြည့်ရက်မကြားရက်တော့ဘဲ သားတော်လက်ထဲမှ ရုန်းထွက်သွားသလို၊ မိဖုရားကြီးမှာတော့ ချုံးပွဲချငိုရကိန်း ကြုံလိုက်ရသည်။

မိဖုရားကြီးမှာ သားဇောကြောင့် မစားနိုင်မအိပ်နိုင်။ အဝတ်ပင်မလဲနိုင်တော့ပဲ ခေါင်းစုတ်ဖွားနှင့် အရူးတစ်ပိုင်း ဖြစ်နေခဲ့သည်။ ကျက်သရေရှိရှိ လှပသောမျက်နှာလေးမှာလည်း မျက်တွင်းဟောက်ပက်၊ ပါးရိုးချောင်ချောင်နှင့် အဘွားအိုရုပ်ပင် ပေါ်လာတော့သည်။

ဘာလိုလိုနှင့် ၇ရက်-၁ပတ်ပင် ပြည့်ခဲ့ပါလေပြီ။

ထိုညက မြို့စားကတော်မင်းသမီး စတင်နာ နီကိုလပ်ဗနာနှင့်



mgyoe.com

mgyoe.com SAMPLE BOOK
မင်းသမီး အန်နာဂူဘောဇာတို့ မိဖုရားကြီးရှေ့မှောက် အခစားရောက်လာကြ၏။

နောက် သူတို့ ၃ ယောက် ခေါင်းချင်းဆိုင်ပြီး တီးတိုးပြောဆိုကြသည်ကတော့ ကယ်တင်ရှင်ဆရာသခင် ဆိုင်ဘေးရီးယား တောသားကြီး ရောက်နေသည့်အကြောင်း။

ဆရာကြီးက အုံ့မခန်းအစွမ်းထက်လှ၍ သားတော်လေး၏ ဝေဒနာကို ပျောက်ကင်းချမ်းသာအောင် လုပ်ဆောင် ပေးနိုင်မည်သာမက မိဖုရားကြီးနှင့် တော်ဝင်မိသားစုကို အများပြည်သူက ချစ်ကြည်ညိုလာအောင် ဖန်တီးစီရင်ပေးမည့်အပြင်၊ ရုရှားပြည်ကြီးတစ်ဝှမ်းပါ ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ပေးဦးမည်ဟု ဆိုခဲ့သည်။

ဆရာကြီးသည် ပြင်သစ်မှော်ဝိဇ္ဇာကြီး ဒေါက်တာဖီးလစ်နှင့် တိဘက်လောကီပညာရှင်ကြီး ဒေါက်တာဘက်မေးယက်ဖ်တို့ထက် အစွမ်းထက်သလို၊ မြင့်မြတ်မှုအရာတွင် ခရွန်စတက်မှ သူတော်စင် ဂျွန်ထက်ပင် သာလွန်ကြောင်းလည်း ပါဝင်၏။

ခရစ်ယာန်ဘုန်းတော်ကြီး ဖာသာဖီယိုဖန်း, ဂိုဏ်းအုပ်ကြီး ဟာမိုဂန်နှင့် ဖာသာ ဂျွန်တို့ကိုယ်တိုင်က ဂရေဂိုရီ အီဖင်မိုဗစ် ရုပ်စုံပြူတင်အား အော်သိုဒေါက္စ်ဂိုဏ်းဝင် တန်ခိုးရှင် ပျောက်စေဆရာကြီးအဖြစ် ထောက်ခံအသိအမှတ်ပြုကြောင်းဖြင့်လည်း အသိပေးခဲ့သေး၏။

တစ်ဖန်-

"ခုလည်း ဆရာကြီးက ပြောခိုင်းလိုက်တာပါ။ မိဖုရားကြီးကို မငိုနှင့်တော့တဲ့။ သားတော်လေး ကျန်းမာချမ်းသာစေဖို့ သူ တာဝန်ခံတယ်တဲ့။ တစ်နေ့ စစ်ဗိုလ်ကြီး ဖြစ်လာတဲ့အခါ အားခွန်ဗလနှင့် ပြည့်စုံသူဖြစ်လာစေရမယ်တဲ့။"

စတင်နာ၏စကားတွေ ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရက်ပေါင်းများစွာ ညှိုးချုံးပန်းကျနေခဲ့ရှာသော မိဖုရားကြီးအဲလစ်၏ မျက်နှာ


mgyoe.com

mgyoe.com SAMPLE BOOK
လေးမှာ ပန်းနုရောင်သွေးတွေ လျှမ်းလျှမ်းဖြာလျက် မျက်လုံးက စိန်ရောင်တွေ တဖျပ်ဖျပ်တောက်ပလာတော့သည်။

"ပြီးတော့သခင်မ မှတ်မိမလား မသိဘူး။ ဒေါက်တာဖီးလစ်ပြင်သစ်ကို မပြန်ခင်တုန်းကပြောသွားတာ။ 'ဘုရားသခင်က သခင်မတို့ကို ကူညီစောင့်ရှောက်မယ့် မိတ်ဆွေသစ်တစ်ယောက် ပို့ပေးပါလိမ့်မယ်။'လို့ ဟောကိန်းထုတ်သွားတာလေ။ ကျွန်တော်မျိုးမကို ယုံပါ။ အဲဒီ'မိတ်ဆွေသစ်' ဆိုတာ ခုဆရာကြီးပါပဲ။ သူက ရှုရှားပြည်ကြီးကို ကယ်တင်ပြီး သားတော်လေးကို အသက်ချမ်းသာရာရအောင် စွမ်းဆောင်ပေးမှာ မုချပါပဲ။ ဘုရားသခင်က သခင်မတို့အတွက် လွှတ်လိုက်တဲ့ လူဟာ သူမှ သူအစစ်။"

တိုးတိုးဖော် ရုံရွှေတော်မင်းသမီး အန့်နာ ဂူဘောဗာကပါ ဝင်ပြောလိုက်သည့်အဆုံး မိဖုရားကြီးလည်း အထွေအထူး စဉ်းစားမနေတော့ဘဲ၊ ညစာပွဲတော်တည်ချိန်၌ ဘုရင်ကြီးအား လျှောက်ထားလိုက်တော့သည်။

သားတော်လေးအတွက် မျှော်လင့်ချက် ကုန်ဆုံးနေပြီမို့ ဘုရင်ကြီးကလည်း အချိန်ဆွဲမနေတော့။ 'ရပ်စ်ပြူတင်အား ရှေ့တော်သွင်းစေ'ဟု အမိန့် ချမှတ်လိုက်တော့၏။

ရပ်စ်ပြူတင်သည် မြို့စားမင်းသားကြီး နီကိုလိုင် နီကိုလပ်ဗစ်ချ်နှင့် ကြင်ရာတော်စတင်နာတို့အိမ်၌ တည်းခိုနေလင့်ကစား ထိုညက အပြင်ထွက်အပျော်ကြူးနေသဖြင့် ဘုရင့်အမိန့်နှင့် ခြေမြန်တော်များက လိုက်ရှာခဲ့ရပြီး အစဉ်း '(အခန်း - ၁။)' ၌ ဖော်ပြခဲ့သလို မြစ်ကမ်းဘေးရှိ ဂျစ်ပစီကပွဲတွင် သွားတွေ့ခဲ့ရခြင်း ဖြစ်၏။

ရပ်စ်ပြူတင်ကို လုံခြုံရေးတပ်ဖွဲ့၊ ပုလိပ်တပ်ဖွဲ့တွေ အထပ်ထပ်နှင့် အကြိမ်ပေါင်း၂၀ခန့် စစ်ဆေးမေးမြန်းခံရမည့် လာရိုးလာစဉ် ဧည့်သည်ဂိတ်က မဟုတ်ဘဲ၊ နန်းတော် ဘေးမလွယ်ပေါက်က မင်းသမီး စတင်နာနှင့် အတူ လျှို့ဝှက်စွာ ဝင်စေခဲ့သည်။

ရပ်စ်ပြူတင်ကား တကယ့် လူလည်လူပါးကြီး။


mgyoe.com

mgyoe.com
SAMPLE BOOK

သေကောင်ပေါင်းလဲ မူးနေသည့်ကြားက နန်းတော်ထဲရောက်သည်နှင့် လူကောင်းပကတိ။ သူတော်စင်ဣန္ဒြေအပြည့်နှင့် ဖြစ်သွားသည်။

ဇာဘုရင်နှင့် မိဖုရားကြီးသည် ဆံကေသာ လက်လေးသစ် မုတ်ဆိတ်မွေး ဗရဗျစ် မည်းညစ်နေသော ဝတ်ရုံရှည်ကြီးနှင့် ပီဘိတောသား လူရိုင်းကြီးကို တွေ့တွေ့ချင်း ပါးစပ်အဟောင်းသား အံ့အားကြီးတသင့် ဖြစ်သွားကြရ၏။

သို့ပေမယ့်သူတော်ယောင်တောသားကြီးကတော့ ရုရှားတစ်ပြည်လုံး ရွှေဘုန်းတော်လွှမ်းမိုး တန်ခိုးပါဝါ ဖြန့်ကျက်ထားသူများဖြစ်သော ဘုရင်နှင့် မိဖုရားကို သာမန်လူတွေပုံစံမျိုးဖြင့် ပြုံးပြလိုက်ကာ အနီးကပ်၍ ပွေ့ဖက်နမ်းရှုပ် နှုတ်ဆက်လိုက်ပါသည်။

သည့်နောက် သားတော်လေးထားရှိရာ နန်းဆောင်သို့ ဝင်ရောက်ခဲ့ပြီး၊ ရောက်ရောက်ချင်းပင် အခန်းထောင့်နံရံပေါ်ရှိ သူတော်စင်အရုပ်ကားများရှေ့တွင် ဒူးထောက်လက်ယှက်ကာ ဝတ်ပြုဆုတောင်းလိုက်သည်။

ပြီး ဖြည်းညင်းစွာထ,လျက် သားတော်လေးရှိရာသို့ ကူးသွားသည်။ ကုတင်ဘေးဖွင် ဒူးချထိုင်ပြီး သားတော်လေးပေါ်၌ လက်ဝါးကပ် အမှတ်အသား လုပ်ပေးသည်။

အလက်ရှားက မျက်လုံးဖွင့်ကြည့်လိုက်ရာမှ မုတ်ဆိတ်ရှည်နှင့် လူထူးလူဆန်းကြီးက လှိုက်လှဲခင်မင်မှုတွေနှင့် ပြုံးပြနေသည်ကို တွေ့လိုက်ရသည်။

"ဘာမှ မကြောက်ပါနှင့် အရှင့်သား အလက်ရှား။ အားလုံး ပြန်ကောင်းသွားမှာပါ။"

ဒည့်သည်လူစိမ်းက သာယာချိုပျောင်းသောအသံဖြင့် အားပေးနှစ်သိမ့်လိုက်ပြန်သည်။ အသံမှာ ကရုဏာအပြည့်နှင့် တည်ကြည်လေးနက်ခြင်းတွေ ထူးထူးခြားခြား ပါရှိနေ၏။

မုတ်ဆိတ်ကြီးက အလက်ရှား၏တစ်ကိုယ်လုံး ခေါင်းဖျားမှ ခြေ


mgyoe.com

mgyoe.com SAMPLE BOOK
ဆုံးတိုင် လက်နှင့်သပ်ချလိုက်ရင်း -

''ခုဆို အရှင့်သားမှာရှိတဲ့ ဝေဒနာတွေအားလုံး ယူပစ်လိုက်ပါပြီ။ ရှေ့ဆက် ဘယ်လိုမှ နာကျင်မှုတွေ ခံစားရတော့မှာ မဟုတ်ဘူး။ မနက်ဖြန် ကစပြီး နေကောင်းရစေမယ်။ ပြီးတော့ ကျွန်ုပ်နှင့်အတူ ပျော်ပျော်ပါးပါး ကစားကြရုံပေါ့။''

အမိန့်သြဇာဆန်သော်လည်း ကရုဏာသံပါလျက်၊ နူးညံ့သိမ်မွေ့ပြီး ခင်မင်ဖော်ရွေမှုပြသော အပြုံးတို့က သားတော်လေးအား ပြန်ပြုံးပြမိအောင် ဆွဲဆောင်နိုင်ခဲ့သည်။

တစ်ဆက်တည်း၌ ဆိုက်ဘေးရီးယားမှ ရိုးရာဓလေ့ကစားနည်း တွေနှင့် ဆိုက်ဘေးရီးယားပြည်နယ်ကြီး ကျယ်ဝန်းလှသဖြင့် လူမရောက်ဖူး သည့်နေရာများ တစ်ပုံကြီးရှိကြောင်း၊ စိန့်ပီတာစဘတ်မြို့က လူတွေနှင့် မတူခြားနားသော တောသူတောင်သားများ အကြောင်းတွေ ပြောပြပြန်သည်။

ပြောရင်းက ကုတင်စွန်းတက်ထိုင်ရင်း သားတော်လေး၏လက်ကို တယုတယ ဆုပ်နယ်ပေးသည်။

အကယ်၍ အလက်ရှား နေကောင်းလာလျှင် ဆိုက်ဘေးရီးယားသို့ အလည်ခေါ်သွားပြီး ဘယ်သူမှမမြင်ဘူးဘဲ သူသာ မြင်ဖူးသောဒေသ များကို လိုက်ပြမည်ဟု ကတိပြုသည်။

သားတော်လေးလည်း မုတ်ဆိတ်ကြီး၏စကားများကို စိတ်ဝင်စား ခဲ့သလို မျက်လုံးတွေ ကျယ်သထက်ကျယ်လာပြီး အရောင်တောက်လာ ၏။

ထိုမှတစ်ဆင့် ခေါင်းအုံးကိုမှီလျက် ထ,ထိုင်ဖို့ ကြိုးစားရာမှ နောက်မလှမ်းမကမ်းက ရပ်စောင့်နေသော မိဖုရားကြီးသည် စိုးရိမ်တကြီး ကမန်းကတန်း ပြေးတားမိသည်။

''သတိထား အလက်ရှား။ အရမ်း မထ,လိုက်နှင့်လေ။''

''ရပါတယ် မေမေရယ်၊ သား နားထောင်ရတာ အားမရလို့ပါ။


mgyoe.com

mgyoe.com
SAMPLE BOOK

ကဲ၊ ဆရာကြီး နောက်တစ်ပုံ ပြောပြပါဦး။"

အလက်ရှားက သူ့မယ်တော်အား ငြင်းချက်ထုတ်လိုက်ရင်း ရပ်စ်ပြူတင်အား စကားဆက်ဖို့ တိုက်တွန်းလိုက်သည်။

"အေး မင်းပြောတာ မှန်တယ် အလက်ရှား။ ခုချိန်ကစပြီး ဘာကမှ မင်းကို ထိခိုက်နာကျင်အောင် မလုပ်နိုင်တော့ဘူး။ ဆရာကြီး မင်းဘေးမှာရှိနေသရွေ့လည်း ဘာအန္တရာယ်မှ ဖြစ်တော့မှာ မဟုတ်ဘူး။"

သည့်နောက်တော့ ဆိုက်ဘေးရီးယားမှာ ပြောနေကျ နတ်သမီးပုံပြင်လေးတွေ ပြောပြန်သည်။ ဘို့ကြီးရှိသော မြင်းကို တက်စီးသော ခြေပြတ်နှင့် မျက်မမြင် မြင်းစီးသမားတို့ ပုံပြင်၊ ကတိမတည်၍ ဘဲဖြူလေးဘဝသို့ ပြောင်းသွားရသော ဇာရက်ဗနာပုံပြင်၊ ဆီဇာရီဗစ် ဗက်ဆီလီနှင့် မင်းသမီးချောလေး အယ်လီနာတို့ ပုံပြင်။

ထို့ပြင် တောတောင်ထူထပ်သော ဆိုက်ဘေးရီးယားမှ ပန်းများ သစ်ပင်များမှာ အသက်ရှိ၍ သူတို့အချင်းချင်း စကားပြောသည့်အကြောင်း၊ တိရစ္ဆာန်တွေလည်း သူတို့ဘာသာဘာဝ စကားပြောလေ့ရှိ၍ သူကိုယ်တိုင် ငယ်စဉ်က မြင်းတွေအချင်းချင်း တီးတိုးစကားပြောသည်ကို ကြားဖူးကြောင်း စသဖြင့်။ ကလေးတစ်ယောက် အာရုံစိုက်စိတ်ဝင်စားစရာ တွေချည်းဖြစ်၍ သားတော်လေးအလက်ရှားမှာ လန်းဆန်းတက်ကြွ နေတော့၏။

သားတော်လေးကို အနားပေးချိန် တန်လောက်ပြီဆိုမှ ရပ်စ်ပြူတင်က ချော့သိပ်ပြီး ပြန်ထွက်ခဲ့သည်။

အဆောင်ဝအရောက်တွင် အလက်ရှားကအော်၍ မှာလိုက်သေး၏။

"နောက်ညကျလည်း ဆက်ဆက်လာခဲ့ဦးနော် ဆရာကြီး။ ဆရာကြီး မလာမချင်း ကျွန်တော် အိပ်မှာမဟုတ်ဘူး။"

ရပ်စ်ပြူတင် ထွက်သွားပြီးနောက် သားတော်လေးက အထိန်းတော်ကြီးကို မေးခွန်းထုတ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီဆရာကြီးက ဘယ်သူလဲ ဟင်။"

"သူတော်စင် ပုဂ္ဂိုလ်တစ်ပါးပေါ့ကွယ်။ သားတော်ကို ကယ်တင်ဖို့ ဘုရားသခင်က လွှတ်လိုက်တာဆိုပါတော့။"

"သူတော်စင်ပုဂ္ဂိုလ်၊ ဟုတ်လား။"

အလက်ရှားက ထပ်ဆင့်ရေရွတ်ပြီး မျက်လွှာချ၍ အိပ်ပျော်သွားတော့သည်။

ဂရေဂိုရီ ရပ်စ်ပြူတင်နှင့် မိဖုရားကြီးတို့ အပြင်ဆောင်သို့ အတူထွက်ခဲ့ရာတွင် မိဖုရားကြီးမှာ ဝမ်းသာလုံးဆို့ပြီး မျက်ရည်များပင် လည်နေမိတော့၏။

သူမက ကျေးဇူးတင်သောအထိမ်းအမှတ်ဖြင့် ရပ်စ်ပြူတင်၏ လက်ကိုဆွဲ၍ လက်ခုံကို နမ်းမိသည်။

ရပ်စ်ပြူတင်က မိဖုရားခေါင်းထက်တွင် လက်ဝါးကပ် အမှတ်အသားပြကာ-

"ကျုပ်အစွမ်းနှင့် ဆုတောင်းပေးမှုတွေကို ယုံပါ မိဖုရားကြီး။ သားတော်လေး မသေစေရဘူး။ ကျုပ်ရှိနေသရွေ့ အသက်ရှင်နေစေရမှာပါ။"

သည်လိုနှင့် နောက်ညနောက်ညနှင့် ညပေါင်းများစွာ ရပ်စ်ပြူတင်နန်းတွင်းသို့ရောက်ခဲ့ရာမှ သားတော်လေးနှင့် ပိုမိုရင်းနှီးခဲ့ကြသည်။ မခွဲနိုင်မခွာရက် တစ်သားတည်းကျလောက်အောင် မိတ်ဆွေရင်းချာတွေဘဝ ရောက်ခဲ့ရခြင်းလည်း ဖြစ်၏။

ညစဉ် ရပ်စ်ပြူတင်ကိုသာ မျှော်၍၊ မလာလျှင် လိုက်ခေါ်ခိုင်းသလို၊ လာတော့လည်း အပျော်ကြီး ပျော်သွားတတ်သည်။

ရပ်စ်ပြူတင်ကလည်း ကလေးအကြိုက် ရယ်စရာပုံပြင်တွေ စွန့်စားခန်းပုံပြင်တွေ၊ သနားစရာပုံပြင်တွေနှင့် နှောင်ဖွဲ့ထားသည် မဟုတ်ပါလား။


mgyoe.com

mgyoe.com SAMPLE BOOK

ဘာပဲပြောပြော၊ ရပ်စ်ပြူတင်ကျေးဇူးကြောင့် အိပ်ရာထဲ လဲနေသည့် သားတော်လေး နေ့ချင်းညချင်း ဒေါင်ဒေါက်မြည် ထ,ပြေးနိုင်ခဲ့တာကတော့ အမှန်။

သားတော်လေးကို အကြောင်းပြု၍ ဘုရင်နှင့် မိဖုရားတို့နှင့်ပါ ရပ်စ်ပြူတင် အကျွမ်းတဝင် ရင်းနှီးခဲ့ရပါပြီ။

ရပ်စ်ပြူတင်ပြောပြသော ဆိုက်ဘေးရီးယား တောသူတောင်သား လယ်သမားတို့၏ ဘဝဇာတ်လမ်းများ၊ သူကိုယ်တိုင်၏ ဘုရားဖူးခရီးစဉ်နှင့် အပြစ်ဒဏ်ခံ ကျင့်စဉ်များအကြားတွင် မင်း မိဖုရားနှစ်ပါး မိန်းမောခဲ့ကြရပါပြီ။

ရပ်စ်ပြူတင်၏စကားများကို မင်း မိဖုရား ၂ ပါးက အငေးသားနားထောင်နေခိုက် သားတော်လေးကို သူ့ဆရာကြီးရပ်စ်ပြူတင်၏ အပြာနုရောင် ဝတ်လုံကြီးလွှမ်းထားသော ဒူးခေါင်းပေါ်တွင် တက်ထိုင်ခွင့်ပေးထားခဲ့သည်။

တစ်စထက်တစ်စ ရပ်စ်ပြူတင်က တော်ဝင်မိသားစုတစ်ခုလုံးအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်ခဲ့သလို သမီးတော်များပင်လျှင် ရပ်စ်ပြူတင်အားဆရာတင်၍ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဆိုသလို သူတို့၏ လျှို့ဝှက်အတွင်းရေးကိစ္စများကို ဖွင့်ဟ အကြံဉာဏ် တောင်းခံသည့်ဘဝသို့ ရောက်ခဲ့ကြတော့၏။

ထိုအချက်နှင့်ပတ်သက်၍ နန်းရင်းဝန်တစ်ဦးက ယခုလို ထုတ်ဖော် ပြောပြဖူးသည်ဆို၏။

"ရပ်စ်ပြူတင်ဟာ ဘုရင်နှင့် မိဖုရားရဲ့ ချစ်ခင်မှု၊ ယုံကြည်မှုကို နည်းအမျိုးမျိုးဖြင့် အရယူပြီး တစ်နန်းတော်လုံး စိတ်ကြိုက်ခြယ်လှယ်နိုင်ခွင့်ရအောင် စည်းရုံးနိုင်ခဲ့တယ်ဆိုရမှာပဲ။ သူနှင့် တွေ့လိုက်တာနှင့် အားတက်သွားစေတယ်၊ ရဲရင့်စေတယ်၊ ရွှင်မြူးစေတယ်၊ တက်ကြွစေတယ်၊


mgyoe.com